# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၀၁)၊ ၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက် ၊ ၅–၁၀–၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## ကျွမ်းကျင်ပညာရှင်များ၏ စုပေါင်းစွမ်းအားဖြင့် တစ်နိုင်ငံလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆရာ ဆရာမများ၊ မိဘပြည်သူများနှင့် တာဝန်ရှိသူများအားလုံးက လက်တွဲညီညီ ပါဝင်ဆောင်ရွက်သွားကြရမည်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် )

ချစ်ခင်လေးစားအပ်ပါသော ဆရာ၊ ဆရာမများ ခင်ဗျာ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ မင်္ဂလာအခါသမယ၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာ ဆရာမများ အားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သပါသည်။ ယနေ့ အောက်တိုဘာလ ၅ ရက်နေ့သည် ကမ္ဘာတစ်ဝန်းလုံးရှိ ဆရာ ဆရာမများ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စသည့်ခမ်းနားထည်ဝါမြင့်မြတ်လှသော ဂုဏ်အင်အနန္တတို့ကို မော်ကွန်းတင်ချီးမြှောက်သည့် ကျက်သရေမင်္ဂလာနှင့် ဝေဖြာထူးမြတ်လှသော ကမ္ဘာ့ဆရာများနေ့ ဖြစ်ပါသည်။

စာမျက်နှာ ၃ သို့ ☆

## နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် ပြည်ပနိုင်ငံများတွင် အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိ

စာမျက်နှာ » ၅

## အလှည့်ကျစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးမည့်အစီအစဉ်အား မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

နေပြည်တော် အောက်တိုဘာ ၄

ယခုအခါ မုတ်သုံလေဆုတ်ခွာပြီး မိုးရာသီကာလကုန်ဆုံး၍ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ပါသည်။ ထို့အပြင် ပြင်းထန်အယ်လ်နီညိုရာသီဥတုဖြစ်စဉ် သက်ရောက်မှုများကြောင့် နိုင်ငံအတွင်း အပူချိန်သိသာစွာမြင့်မားလာပြီး ဓာတ်အား သုံးစွဲမှုများ မြင့်တက်ကာ ဓာတ်အားလိုအပ်ချက် တိုးတက်မြင့်မားလျက်ရှိပါသည်။

ယခုနှစ် နွေရာသီတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ရေလှောင်တမံများတွင် ရေခန်းခြောက်မှုပိုမိုနိုင်ကြောင်းမျှော်မှန်း၍ လာမည့် ၂၀၂၇ ခုနှစ် မိုးရာသီကာလအထိ တမံများ၏ ရေသိုလှောင်ထားမှုပမာဏအား ထိန်းညှိပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးသွားရန် စီမံထားရှိပြီးဖြစ်ပါသည်။

စာမျက်နှာ ၅ သို့ ★



## နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား တပ်မတော်မှစစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ အမိမြန်မာနိုင်ငံရှိ တာဝန်ရှိသူများနှင့် မိသားစုဝင်များက နွေးထွေးလှိုက်လှဲစွာကြိုဆို

နေပြည်တော် အောက်တိုဘာ ၄

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား မည်သို့သော အခြေအနေတွင်ဖြစ်စေ အခက်အခဲကြုံတွေ့လာပါက အမိနိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထား ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။ ထို့ပြင် ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဒုက္ခများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်ရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် လိုအပ်သည့်ကူညီဆောင်ရွက်မှုများကို သက်ဆိုင်ရာနိုင်ငံများနှင့် ချိတ်ဆက်၍ အစဉ်တစိုက် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၄ သို့ ★

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၄

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်ဖွယ် ရာ အညွှန်း


ထိုင်းနိုင်ငံ၌ လူဝင်မှုကြီးကြပ်ရေး အပလီကေးရှင်း အကောင်အထည်ဖော်ဆောင်ရွက် — စာမျက်နှာ ၈

စက်တင်ဘာလအတွက် ပရီးမီးယားလိဂ်အကောင်းဆုံး နည်းပြဆုကို ဟာဇယ်လာ ဆွတ်ခူး — စာမျက်နှာ ၁၁

ပညာပါရမီဖြင့် လောကကို အလှဆင်ခဲ့သူ(ဆောင်းပါး) — စာမျက်နှာ ၁၄

၂၀၂၆ ခုနှစ် ၊ အောက်တိုဘာ ၅ ရက် ၊ တနင်္လာနေ့။

## ဆရာများ၏ ဂုဏ်ကျေးဇူး အထူးအလေးထားရမည်

၂၀၂၆ခုနှစ်၊ အောက်တိုဘာ (၅) ရက်နေ့သည် ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ထားသည်။ ဆရာဟူသည် ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမနည်းလမ်းပြပေးသူဖြစ်သည်။ အချို့ကလည်း ဆာယာဟူသော စကားမှ ဆရာဖြစ်လာသည်ဟု ဆိုကြသည်။ ဆာယာမှာအေးရိပ်ကို ဆိုလိုသည်။ ထို့ကြောင့်နားခိုရန် အေးမြသော အရိပ်ပေးစွမ်းနိုင်သူကို ဆရာဟုပင် တင်စားရမည်ဖြစ်သည်။ နှစ်စဉ် အောက်တိုဘာ ၅ ရက်နေ့ကိုကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ရန် ကမ္ဘာ့ကုလသမဂ္ဂယူနက်စကိုအဖွဲ့ကြီးက ကြီးမှူး၍ ၁၉၉၄ ခုနှစ် အောက်တိုဘာ ၅ ရက်နေ့ရောက်တိုင်း ကမ္ဘာ့ဆရာများနေ့ အခမ်းအနားများကို ကျင်းပခဲ့သည်။

ညအခါတွင် လမင်းကြီးသာမှ လှပနိုင်သကဲ့သို့ လူသားတိုင်း၏ဘဝသည်လည်း ဆရာရှိမှ တင့်တယ်နိုင်မည်ဖြစ်သည်။ လှိုင်းနှင့်ကင်းသော သမုဒ္ဒရာသည် မရှိနိုင်သကဲ့သို့ ဆရာနှင့်ကင်းသော လူသားဟူ၍လည်း မရှိနိုင်ပါ။ လူသားတို့တွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူသော ဆရာတစ်မျိုးမျိုး ရှိရမည်လည်းဖြစ်သည်။ ဆရာများ၏ သင်ကြားဆုံးမမှုကြောင့် လူသားများ တတ်သိလိမ္မာခဲ့ရခြင်းဖြစ်သည်။ ဆရာဟူသည် လူ့လောက၏ လမ်းညွှန်မှုပေးသော မီးပြတိုက်ကြီးပမာဖြစ်သည်။ လောကလူသားများ ဆရာဟုနှုတ်ဖျားကမချ ရှိသေနေကြသည်မှာ ဆရာများ၏ တုနှိုင်းမရသော ဂုဏ်ကျေးဇူးများကြောင့်ဖြစ်သည်။ တုနှိုင်းမရသော ဂုဏ်ဟု ဆိုလိုခြင်းမှလည်း သာမန်လူသားများ မထမ်းဆောင်နိုင်သော တာဝန်များကို ဝါသနာ၊ စေတနာ၊ အနစ်နာ၊ နည်းနာဟူသော နာလေးနာဖြင့် ထမ်းဆောင်နိုင်ခြင်းကြောင့် စံပြုဖွင့်ဆိုရခြင်းဖြစ်သည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းက လက်ခံထားသော ဆရာ့ကျင့်ဝတ်ငါးပါးတွင်လည်း အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးတား၊ သင့်ရာအပ်ပို့ ဆရာတို့ (သိင်္ဂါလသုတ်၊ သင်္ဂဇာဆရာတော်)ဟု ပါရှိပါသည်။ လူသားတစ်ယောက် လူလားမြောက်ရန်အတွက် အတတ်ပညာလည်း သင်ရသည်။ လိမ္မာရေးခြားရှိအောင်လည်း ဆုံးမရသည်။ ဘေးရန်ကြုံတွေ့နိုင်သည့် လမ်းမှားသို့မရောက်အောင်လည်း တားဆီးကာကွယ်ပေးရသည်။ အနာဂတ်ခရီးအတွက် သင့်တော်ရာလမ်းကိုလည်းရွေးချယ်ပေးရသည်။ ဤမျှကြီးမားလှသော တာဝန်များပင်ဖြစ်သည်။ ဆရာကောင်း၊ဆရာမြတ်တို့၏အရိပ်အာဝါသတွင် ခိုလှုံရသူများမှာ အောင်မြင်ထွန်းပေါက်ခဲ့ကြသည်။

မြန်မာလူမျိုးတို့သည် ဆရာများကိုအနန္တော၊ အနန္တငါးပါးတွင် တစ်ပါးအပါအဝင်အဖြစ် သတ်မှတ်ကာ ရိုသေလေးစားခဲ့ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ဆရာများ၏ ဂုဏ်ရည်ကို ဖော်ဆောင်သည့်အနေဖြင့် "ဆရာ့အသံများကိုအလေးထားခြင်း" ဟူ၍ ညွှန်းဆိုထားသည်။ ထို့ပြင်တပည့်တစ်ဦးချင်း၊ တစ်ယောက်ချင်းတို့အပေါ်တွင်လည်း ဆရာ၊ ဆရာမတို့၏ သွန်သင်ဆုံးမမှုနှင့် သင်ကြားပေးမှုတို့က ဩဇာလွှမ်းမိုးအရိပ်ထိုးနေသည်။ ဆရာကောင်း တပည့် ပန်းကောင်းပန်ဟူသော စကားပုံကဲ့သို့ပင် ဆရာတို့ သင်ကြားပို့ချမှု ကောင်းလျှင်ကောင်းသလို၊ ဆုံးမပဲ့ပြင်မှု ကောင်းလျှင်ကောင်းသလို တပည့်များ ထူးချွန်ကြ၊ လိမ္မာရေးခြားရှိကြသည်။ ပညာရဲရင့်ပြီး ပွဲလယ်တင့်နိုင်ကြသည်။ လူရည်ချွန်၊ လူရည်မွန်များအဖြစ်ဖြင့် ဘဝကို ကောင်းစွာတည်ဆောက်လာနိုင်ကြပြီး ပတ်ဝန်းကျင်ကိုလည်းကောင်း၊ လူ့အဖွဲ့အစည်းကိုလည်းကောင်း၊ နိုင်ငံကိုလည်းကောင်း ကောင်းစွာအကျိုးပြုသူများဖြစ်လာကြသည်မှာ ဆရာကောင်း၊ ဆရာမကောင်းတို့၏ စွမ်းရည်ကြောင့်ပင်ဖြစ်သည်။ သို့ဖြစ်ရာ ဆရာများ၏ တုနှိုင်းမရသော ဂုဏ်ကျေးဇူးများကို အထူး အလေးထားကာ နက်ရှိုင်းသော မေတ္တာကို တစိမ့်စိမ့်တွေး၍ ကြည်နူးမှုများနှင့်အတူ အောက်တိုဘာ ၅ ရက် ကမ္ဘာ့ဆရာများ နေ့ကို ရည်မှန်း၍ ဆရာများကို ရှိခိုးဦးခိုက်ပူဇော်လိုက်ရပါကြောင်း ရေးသားလိုက်ရပေသည်။

## သံဃာ့ပဝါရဏာသဘင်ဆင်ယင်ပူဇော်ပွဲကျင်းပမည်

**စဉ့်ကိုင် အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီးကျောက်ဆည်ခရိုင် ၊ စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ထန်းသုံးပင်ကျေးရွာရှိအရိယဝံသမိုး ကုတ်ဝိပဿနာဓမ္မရိပ်သာကြီးအတွင်းရှိ ဝိသုံဂါမသိမ်တော်မင်္ဂလာကြီး၌ သံဃာ့ပဝါရဏာသဘင်ဆင်ယင်ပူဇော်ပွဲ အခမ်းအနားကို ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက် တနင်္လာနေ့ နံနက် ၉ နာရီတွင်စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ အဆိုပါသံဃာ့ပဝါရဏာဆင်ယင်ပူဇော်ပွဲတွင်ညောင် ပင်ကြီးကျေးရွာအုပ်စု၊ သပြေရိုးကျေးရွာအုပ်စု၊ ရွာဟောင်းကုန်းကျေးရွာအုပ်စု၊ တအုံကျေးရွာအုပ်စုနှင့် အရိယဝံသမိုးကုတ်ဝိပဿနာရိပ်သာပတ် ဝန်းကျင်ရှိ ကျောင်းတိုက်အသီးသီးတို့တွင် သီတင်းသုံးစံပျော်မွေ့လျော်တော်မူကြကုန်သော ဆရာတော်သံဃာတော်အရှင်သူမြတ်အပါး (၂၀၀)ကျော်တို့မှ ကြွရောက်ချီးမြှင့်တော်မူကြမည်ဖြစ်ပြီး အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား အရိယဝံသမိုးကုတ်ဝိပဿနာဓမ္မရိပ်သာအကျိုးတော်ဆောင်အဖွဲ့မှ ဦးဆောင်ကာအလှူရှင်အသီးသီးတို့ကလှူဖွယ်ဝတ္ထုပစ္စည်းအစုစုကို သံဃဒါနဆွမ်းတော်ကြီး လောင်းလှူကြမည်ဖြစ်ပြီး ရေစက်သွန်းချအမျှပေးဝေကြမည်ဖြစ်သည်။ သံဃဒါနဆွမ်းတော်ကြီးလောင်းလှူပွဲတွင် ကိုယ်တိုင် ကိုယ်ကျပါဝင်လှူဒါန်းကြမည့် အလှူရှင်၊ ကုသိုလ်ရှင်၊ စေတနာရှင်များအနေဖြင့် အောက်တိုဘာလ၂၅ ရက်တနင်္ဂနွေနေ့ နောက်ဆုံးထားကာ သံဃာပဝါရသဘင်ဏာဆင် ယင်ပူဇော်ပွဲကျင်းပရေးအဖွဲ့ထံစာရင်းပေးသွင်းနိုင်ကြပါရန် ဖိတ်ကြား နိုးဆော်ထားကြောင်းသိရသည်။

(ဝ၅၃)

## ပျားမွေးမြူရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲ ကျင်းပ

**ပျော်ဘွယ် အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ဦးဆောင်၍ မန္တလေးတိုင်းဒေသကြီး ပျားလုပ်ငန်းရှင်များအသင်းနှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ပျားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသူများတွေ့ဆုံပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲရုံးတွင် ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းက နိုင်ငံတော်အနေဖြင့် မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပျားမွေးမြူမှုလုပ်ငန်းသည် လူမှုစီးပွားတိုးတက်စေရန်ဖြစ်သလို နေကြာ၊ နှမ်းနှင့် အခြားဆီထွက်သီးနှံများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် များစွာအထောက်အကူပေးသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ပျားမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများလျှောက်ထားရယူနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးပျားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်မင်းက ပျားမွေးမြူမှုကြောင့် သီးနှံများဖွံ့ဖြိုးလာမည့် အခြေအနေများ၊ ချေးငွေလျှောက်ထားရယူနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်တာဝန်ခံ ဦးဇော်မင်းထွန်းက ပျားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသူများအနေဖြင့် ချေးငွေရယူလျှောက်ထားရာတွင် လိုအပ်သောအချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှ ကျင်းပပြုလုပ်သည့် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားအား အောက်တိုဘာ ၁ ရက်နေ့က မန္တလေး၊ ရွှေစာရံကျေးရွာရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့ခွဲခန်းမ၌ ကျင်းပရာ အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ် လင်းထွဋ် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြစဉ်။

(ရွှေရန်ကင်း)



o-o-o-o-o

## မန္တလေးတိုင်းရင်းဆေးရုံ၏ ၅၀ နှစ်မြောက်နှစ်ပတ်လည်အခမ်းအနား ကျင်းပ

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးတိုင်းရင်းဆေးရုံ ၏ ၅၀ နှစ်မြောက်နှစ်ပတ်လည် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေ ကျင်ရပ်ကွက်ရှိ ခုတင် ၁၀၀ ဆံ့သင်ကြား ရေးတိုင်းရင်းဆေးရုံ (မန္တလေး) တွင် ကျင်းပပြုလုပ်သည်။




အခမ်းအနားတွင် ခုတင် ၁၀၀ ဆံ့သင်ကြားရေးတိုင်းရင်းဆေးရုံကြီးဆေးရုံအုပ်ကြီး ဒေါ်မိမိဒုဆေးရုံအုပ်ဒေါ်သိန်းထိုက်နှင့် ဆရာ၊ ဆရာမများဝန်ထမ်းများက ပင့်သံဃာတော်ငါးပါးအား နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမှု ပြုကြသည်။ ထို့နောက်တိုင်းရင်းဆေးရုံအုပ်ကြီးတာဝန်ထမ်းဆောင်၍ အငြိမ်းစား ယူသွားကြသော ဆရာကြီး၊ ဆရာမကြီး (၁၄)ဦးအားဂါရဝပြု လက်ဆောင်များကို တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ အသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးတင်ဝင်းနိုင်တို့က ဂါရဝပြုပေးအပ်ကြသည်။

ဆက်လက်၍ တက်ရောက်လာသူများအားကြာဇံချက် အချို့မုန့်များဖြင့် တည်ခင်းကျွေးမွေးကြသည်။ အခမ်းအနားသို့ တိုင်းရင်းဆေးတက္ကသိုလ်မှ အငြိမ်းစားဂုဏ်ထူးဆောင်ပါမောက္ခများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာမများ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများ တိုင်းရင်း ဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ ဝန်ထမ်းများ ဖိတ်ကြားထားသူများ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း မန္တလေးတိုင်းဒေသကြီးမှ အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ကျော်မင်းသော်)

o-o-o-o-o

o-o-o

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ၁၉၉၄ ခုနှစ်မှစတင်၍ နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကမ္ဘာအနှံ့ ကျင်းပခဲ့ပြီး ဆရာတို့၏ကောင်းမြတ်သောဂုဏ်သတင်းကို ချီးမွမ်းထောမနာပြုခဲ့ကြသည်မှာ ၃၃ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့မှစ၍ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ဂုဏ်ပြုကျင်းပခဲ့သည်မှာ ယခုဆိုလျှင် ၂၄ နှစ်ရှိခဲ့ပြီ ဖြစ်ပါသည်။ ဆရာ ဆရာမများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကကျသည့် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များကို အစဉ်ပြုစုပျိုးထောင်ပေးနေကြသောပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ နိုင်ငံနှင့်လူမျိုးအကျိုးကို ပညာဖြင့် ခေတ်အဆက်ဆက် သယ်ပိုးထမ်းရွက်ခဲ့ကြသည့် ဆရာ ဆရာမများ၏ စွမ်းရည် စွမ်းပကားကို လေးစားဂုဏ်ပြုအပ်ပါသည်။

မြတ်ဆရာဟူသည် လူအများကို ဉာဏ်ပညာအလင်း ဆောင်ကြဉ်းပေးပြီး လောဘကင်းအောင် လမ်းပြနိုင်သူ၊ ဒေါသကိုဖြေဖျောက်နိုင်ပြီး သည်းခံခွင့်လွှတ်တတ်အောင် လေ့ကျင့်သင်ကြားပေးသူ၊ မောဟ အမိုက်အမှောင်ကိုဖယ်ရှား၍ လမ်းမှန်ရောက်အောင် တည့်မတ်ထိန်းကျောင်းပေးနိုင်သူဖြစ်ပါသည်။ **“ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု”**ဟူသည့် နာယကဂုဏ်(၆)ပါးနှင့် ပြည့်စုံပြီး **“အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသည့် ကျင့်ဝတ်ငါးဖြာနှင့်အညီ အာစရိယဂုဏ်းဝင်ကျေးဇူးရှင်များ ဖြစ်ပါသည်။ ထို့ပြင် ကြားမြင်သုတရှိခြင်း၊ အတတ်ပညာပြည့်ဝခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ မှန်ကန်၍အကျိုးရှိသောစကားကိုသာ ဆိုတတ်ခြင်းစသည့် ဂုဏ်အရည်အချင်းတို့နှင့်လည်း ပြည့်စုံသူများဖြစ်ကြပါသည်။

ဆရာတို့၏မွန်မြတ်သောဂုဏ်ကို မဃဒေဝလင်္ကာတွင် **“ရှေးရှုမေတ္တာ ကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်မသိုဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလော့”**ဟု ချီးကျူးဖွဲ့ဆိုထားပါသည်။ မြန်မာ့ယဉ်ကျေးမှု၏ ဂုဏ်ဒြပ်တစ်ခုအဖြစ် အနန္တောအနန္တဂိုဏ်းဝင် အာစရိယဆရာသခင်ကျေးဇူးရှင်တို့ကို ဂါရဝတရား၊ နိဝါတတရား ဦးထိပ်ထား၍ ရှေးပဝေသဏီကပင် ရိုးရာအစဉ်အလာဖြင့် လေးစားရိုသေပူဇော်ကန်တော့ခဲ့ကြသည်မှာ နှစ်ပေါင်းရှည်ကြာ ခိုင်မြဲခဲ့ပြီဖြစ်ပါသည်။

ဆရာဟူသော ဝေါဟာရသည် **“ဆာယာ”** ဟူသော ပါဠိစကားလုံးမှ ဆင်းသက်လာပြီး **“လုံခြုံအေးမြခြင်းကို ပေးစွမ်းသည့်အရိပ်”**ဟု အဓိပ္ပာယ်ရပါသည်။ မြန်မာအဘိဓာန်တွင်လည်း **“ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမ နည်းလမ်းပြသသူ”**ဟု ဖွင့်ဆိုထားပါသည်။ လောကီ၊ လောကုတ်အကျိုး တိုးပွားစေသည့် ပညာရပ်အထွေထွေကို ဆရာများထံမှသာ နည်းနာခံယူဆည်းပူးကြရသည်ဖြစ်ရာ ဤလောကမြေမဟီတွင် ဆရာနှင့်ကင်းသောသူ၊ ဆရာမရှိသောသူဟူ၍ မရှိနိုင်ပါ။

ဆရာများသည် **“စာကိုလည်းသင်၊ လူလည်းပြင်”** ဆိုသည့်အတိုင်း မိမိတို့၏တပည့်များကို ရင်ဝယ်ဖြစ်ငြား မွေးသည့် သားသမီးရင်းချာကဲ့သို့ ကျောသား၊ ရင်သားမခွဲခြားဘဲ စာပေထူးချွန်ရုံသာမက အသိပညာ၊ အတတ်ပညာပြည့်ဝအောင် သင်ကြားပေးကြရပါသည်။ **“ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား”** ဟူသည့် မြန်မာ့စိတ်ထားကို စိတ်သန္တာန်တွင် စိမ့်ဝင်ကိန်းအောင်းစေရန်ကိုလည်း သွန်သင်ဆုံးမပေးကြပါသည်။ တပည့်များ၏အနာဂတ်ဘဝ တိုးတက်မြင့်မားပြီး တန်ဖိုးမြင့်လူသားကောင်းများအဖြစ် လူမှုအသိုက်အဝန်းကို အကျိုးပြုနိုင်ရေး လမ်းညွှန်ပြသပေးကြရပါသည်။ နိုင်ငံ့မျိုးဆက်သစ်များကို ထူးချွန်ထက်မြက်သည့် လူကောင်းလူတော်ဖြစ်လာစေရန်၊ အတ္တ ပရ မျှတ၍ လူမှုရေးနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံစေရန် လေ့ကျင့်ပျိုးထောင်ပေးကြရပါသည်။ ထို့ကြောင့် ဆရာများသည် **“ပညာရေး၏ နှလုံးသား၊ အနာဂတ်၏ ပွဲကိုင်ရှင်၊ နိုင်ငံ၏ အဓိကမဏ္ဍိုင်”**ပင်ဖြစ်ပါသည်။

စာသင်ခန်းများသည် နိုင်ငံ၏အနာဂတ်ကို ထုဆစ်ပုံဖော်ရာနေရာများဖြစ်ပြီး ဆရာများသည် နိုင်ငံ့ခေါင်းဆောင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများကို လေ့ကျင့်မွေးထုတ်ပေးသည့် ရှေ့ဆောင်လမ်းပြများဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် ခံယူချက်၊ ယုံကြည်ချက်နှင့် စိတ်နေသဘောထားကောင်းမွန်မှန်ကန်ပြီး ဆရာကျင့်ဝတ်နှင့် ပြည့်စုံသည့် ဆရာကောင်း၊ ဆရာမွန်များစွာလိုအပ်ပါသည်။

နိုင်ငံတော်အနေဖြင့် ၂၁ ရာစု ပညာခေတ်တွင် သိပ္ပံနှင့်နည်းပညာပြိုင်ဆိုင်မှုအားကောင်းလာသည့် ယနေ့ကမ္ဘာ့အခင်းအကျင်းနှင့် လိုက်လျောညီထွေပါဝင်နိုင်ရန်၊ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သော ပညာရေးအဆင့်အတန်းတစ်ခု ဖြစ်ပေါ်လာစေရန် ဆရာများ၏ အခန်းကဏ္ဍနှင့် အခွင့်အရေးများကို တန်းတူညီမျှမြှင့်တင်ပေးလျက်ရှိပါသည်။ ပညာရေးကို မြှင့်တင်ခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းသာယာဝပြောရေးအတွက် ခိုင်မာစွာ အုတ်မြစ်ချခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ဆရာများ၏အသံကို အလေးထားပြီး ဆရာများ၏ လူမှုဘဝအဆင့်မြေ ကောင်းမွန်စေရေးနှင့် စွမ်းဆောင်ရည်တိုးတက်မြင့်မားစေရေးအတွက်လည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ အထူးသဖြင့် ဒီဂျစ်တယ်စွမ်းရည်များ၊ သုတေသနအခြေပြု သင်ကြားနည်းများ ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေးနှင့် တွေးခေါ်မြော်မြင်နိုင်စွမ်း မြင့်မားရေးအတွက်အဘက်ဘက်က ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်ဘဏ္ဍာငွေကို ပညာရေးကဏ္ဍတွင် ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံပြီး အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ သက်မွေးပညာနှင့် သုတေသနစသည့် ကဏ္ဍစုံ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံအတွင်း အကြားအလပ်မရှိ အပြည့်အဝရရှိခံစားနိုင်ရန် အခြေခံပညာကဏ္ဍတွင် အခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်ပေးလျက်ရှိပါသည်။ ကျောင်းသားလူငယ်များကို တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များဟု ယုံကြည်ခံယူထားပြီး အခြေခံပညာကျောင်းများကို Smart School များဖြစ်စေရေး၊ တက္ကသိုလ် ကောလိပ်များကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်ဝသည့် သင်ယူမှုဝန်းကျင်ကောင်းများဖြစ်စေရေး အားပေးမြှင့်တင်သွားမည် ဖြစ်ပါသည်။

> **ဆရာ ဆရာမများအနေဖြင့် ပညာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ကောင်းစွာသိရှိပြီး ပညာရေးဆိုင်ရာ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထို့ပြင် ဒီမိုကရေစီကျင့်စဉ်များကို မိမိတို့ကိုယ်တိုင်သာမက ကျောင်းသားလူငယ်များပါ ကျင့်သုံးလိုက်နာနိုင်ရေး ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါသည်။ အချိန်ကို စနစ်တကျစီမံခန့်ခွဲနိုင်စွမ်းရှိပြီး ဆရာအတတ်ပညာပြည့်စုံကုံလုံအောင် အစဉ်လေ့လာသင်ယူကြရန် လိုအပ်ပါသည်။ အရည်အသွေးမြှင့်တင်ပေးသည့် သင်တန်းများ၊ ဆွေးနွေးပွဲများကိုလည်း စိတ်ဝင်တစားတက်ရောက်ပြီး ပညာရေးကဏ္ဍ တိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ကျောင်းသားလူငယ်များ အနာဂတ်တွင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဥပဒေကို လေးစားလိုက်နာတတ်စေရေးအတွက် သွန်သင်ဆုံးမ ဗဟုသုတမျှဝေပေးနိုင်ရန် ဆရာ ဆရာမများကိုယ်တိုင် စာပေဖတ်ရှုခြင်းနှင့် ဗဟုသုတရှာမှီးလေ့လာထားရန် လိုအပ်မည်**

ဆရာများအား လစာအပြင် ပညာအရည်အချင်းအလိုက် ခံစားခွင့်များ ထပ်ဆောင်းချီးမြှင့်ခြင်း၊ ဝတ်စုံစရိတ်၊ အိမ်ငှားစရိတ် ထောက်ပံ့ပေးခြင်း၊ ပြည်တွင်း ပြည်ပပညာသင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ပေးခြင်း၊ ထူးချွန်ထက်မြက်သည့် ပညာရေးမိသားစုဝင် သားသမီးများအား နှစ်စဉ်ဂုဏ်ပြုဆုချီးမြှင့်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆရာများ၏ဂုဏ်သိက္ခာရှိမှု၊ စွမ်းဆောင်ရည်ပြည့်ဝမှု၊ တာဝန်ကျေပွန်မှုများကို အသိအမှတ်ပြုသောအားဖြင့် ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်များနှင့် ထူးချွန်ဆရာများကို စိစစ်ရွေးချယ်ပြီး နှစ်စဉ်ဂုဏ်ပြု ချီးမြှောက်ပေးလျက်ရှိပါသည်။ ထို့ပြင် ဆရာများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံပြီး ဆရာ့ဂုဏ်သိက္ခာနှင့်အညီ ရပ်တည်နိုင်ရေးအတွက် ဆရာ့လုပ်ငန်းခွင်အခြေအနေများ သာလွန်ကောင်းမွန်လာစေရေးတို့ကိုလည်း ဆက်လက်ဖော်ဆောင်ပေးသွားမည်ဖြစ်ပါသည်။

**“တိုင်းပြည် တည်ငြိမ်အေးချမ်းရေး”** နှင့် **“နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး”**တို့ကို ဦးစားပေးရည်မှန်းချက်နှစ်ရပ်အဖြစ် အရှိန်အဟုန်မြှင့်ဖော်ဆောင်နေချိန်တွင် အသိဉာဏ်ပညာ ဆင်ခြင်တုံတရားမြင့်မားပြီး ငြိမ်းချမ်းရေးအခြေခံအသိရှိသော ဆရာ ဆရာမများနှင့် ကျောင်းသားလူငယ်များသည် နိုင်ငံ့အတွက် စွမ်းအားမြင့်သည့် အားအင်တစ်ရပ်ဖြစ်ပါသည်။ အမျိုးသားပညာရေးစနစ်၏ ပင်မဒေါက်တိုင်များဖြစ်သည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာပြီး အသိပညာများ လက်ဆင့်ကမ်းဖြန့်ဝေပေးရန် တာဝန်ရှိပါသည်။ ပညာရေး၏ ရည်မှန်းချက်တစ်ခုဖြစ်သည့် **“စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ”**ဆိုသည့်အတိုင်း မိမိတို့၏ တပည့်များကို စည်းကမ်းကောင်းမွန်ပြီး ဥပဒေကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသားများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်လည်း လိုအပ်ပါသည်။ အမျိုးသားအကျိုးစီးပွားကို အစဉ်ရှေးရှုပြီး နိုင်ငံနှင့် ပညာရေးအပေါ် သစ္စာရှိရှိ တာဝန်ကျေပွန်ရန် အရေးကြီးပါသည်။

ဆရာ ဆရာမများအနေဖြင့် ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ကောင်းစွာသိရှိပြီး ပညာရေးဆိုင်ရာ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ထို့ပြင် ဒီမိုကရေစီကျင့်စဉ်များကို မိမိတို့ကိုယ်တိုင်သာမက ကျောင်းသားလူငယ်များပါ ကျင့်သုံးလိုက်နာနိုင်ရေး ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်ပါသည်။ အချိန်ကို စနစ်တကျစီမံခန့်ခွဲနိုင်စွမ်းရှိပြီး ဆရာအတတ်ပညာ ပြည့်စုံကုံလုံအောင် အစဉ်လေ့လာသင်ယူကြရန် လိုအပ်ပါသည်။ အရည်အသွေးမြှင့်တင်ပေးသည့် သင်တန်းများ၊ ဆွေးနွေးပွဲများကိုလည်း စိတ်ဝင်တစားတက်ရောက်ပြီး ပညာရေးကဏ္ဍ တိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ကျောင်းသားလူငယ်များ အနာဂတ်တွင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဥပဒေကိုလေးစားလိုက်နာတတ်စေရေးအတွက် သွန်သင်ဆုံးမ ဗဟုသုတမျှဝေပေးနိုင်ရန် ဆရာ ဆရာမများကိုယ်တိုင် စာပေဖတ်ရှုခြင်းနှင့် ဗဟုသုတရှာမှီး လေ့လာထားရန် လိုအပ်မည်ဖြစ်ကြောင်းကိုလည်း အသိပေးမှာကြားလိုပါသည်။

ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်စေရေး၊ ကျောင်းထွက်နှုန်းလျော့ကျစေရေး၊ နိုင်ငံသားတိုင်း အနည်းဆုံး KG+9 ပြီးမြောက်အောင် သင်ယူနိုင်စေရေး၊ အဆင့်မြင့်ပညာတက်ရောက်နေသူများကို ပြီးဆုံးအောင်သင်ကြားကြစေရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များကို သင်ယူခွင့်ရရှိနိုင်စေရေးတို့သည် ပညာရေးဌာနနှင့် တိုက်ရိုက်သက်ဆိုင်နေသည့် အတွက် ဆရာ ဆရာမများအနေဖြင့် ထမ်းဆောင်ရမည့်တာဝန်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဦးလည်မသုန် ထမ်းရွက်ကြပါရန်တိုက်တွန်းလိုပါသည်။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ တိုးမြှင့်လာစေရေးအတွက် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အသစ်ကို ပြင်ဆင်ဖွဲ့စည်းထားပါသည်။ သို့ဖြစ်ရာ ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် အရေအတွက်များစွာ မွေးထုတ်နိုင်ရေး ဆက်လက်အားပေးဆောင်ရွက်သွားကြရန် အရေးကြီးပါသည်။ ကျွမ်းကျင်ပညာရှင်များ၏ စုပေါင်းစွမ်းအားဖြင့် တစ်နိုင်ငံလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆရာ ဆရာမများ၊ မိဘပြည်သူများနှင့် တာဝန်ရှိသူများအားလုံးက လက်တွဲညီညီ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ဆရာများသည် **“ပညာဖြင့် အသက်မွေးခြင်းသည် အမြတ်ဆုံးဖြစ်သည်”**ဟူသောထုံးကို နှလုံးမူခံယူပြီး ပညာ၏အနှစ်သာရအမှန်ကို နက်ရှိုင်းစွာနားလည်သဘောပေါက် ခံယူထားကြသူများ ဖြစ်ကြပါသည်။ မိမိတို့၏တပည့်များအပေါ် ပညာတတ်စေလိုသော စေတနာ၊ လိမ္မာယဉ်ကျေးစေလိုသော မေတ္တာ၊ ကြင်နာသနားတတ်သော ကရုဏာများဖြင့် ဆုံးမသွန်သင်ပဲ့ပြင်တတ်သော အာစရိယဆရာ၊ ဥပဇ္ဈာယ်ဆရာများဖြစ်ထိုက်သည့် အရည်အသွေးများပြည့်ဝအောင် ကျင့်ကြံသွားကြရမည်ဖြစ်ပါသည်။ နိုင်ငံ၏အနာဂတ်မျိုးဆက်သစ်များအတွက် အမြင်ကျယ်ကျယ် ရှုမြင်မြော်တွေးနိုင်စွမ်းရှိသည့် ပင်ကိုအသိ၊ ဆင်ခြင်ဉာဏ်သတိများကို နှလုံးအိမ်တွင် ထာဝစဉ်ရှင်သန်အောင် မွေးမြူသွားကြရန် ကမ္ဘာ့ဆရာများနေ့အခါသမယတွင် အလေးအနက် တိုက်တွန်းအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် -

- ပညာ့ပန်းဥယျာဉ်တွင် အရောင်အသွေးစုံလင်လှပသည့်ပန်းများ ငြိမ်းချမ်းစွာပွင့်လန်းနိုင်အောင် အကောင်းဆုံး ပုံဖော်ဖန်တီးနိုင်သည့် ဥယျာဉ်မှူးများဖြစ်ကြပါစေ၊
- ပညာရိပ်မြုံတွင် မွေ့လျော်ပျော်ပိုက်သည့် အဖိုးထိုက်ရတနာ ပညာတတ်လူကောင်းလူတော်များစွာကို မွေးထုတ်ပေးနိုင်ကြပါစေ၊
- ပညာပါရမီရင့်သန်ပြီး ဂုဏ်သတင်းကောင်းဖြင့် နိုင်ငံ့ပုံရိပ်နှင့် ပညာရေးကဏ္ဍကို မြှင့်တင်နိုင်ကြပါစေ၊
- ဆရာ ဆရာမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပညာရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ပြီး ကောင်းကျိုးအရာရာပြည့်ဝနိုင်ပါစေကြောင်း ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါသည်။

အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ
ဦးမင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



သင်္ဘောပေါ်တွင် ကိုယ်လက်ကြံ့ခိုင်ရေး စုပေါင်းလေ့ကျင့်ခန်းများ ပြုလုပ်ကြစဉ်။

★ နိုင်ငံတော်မှ

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် တပ်မတော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသောလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များ ကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၇၆ ဦးကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)၊ စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့ဖြင့် စက်တင်ဘာလ ၂၄ ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာ၍ သွားရောက် ခေါ်ဆောင်ခဲ့သည်။ အဆိုပါ စစ်ရေယာဉ်များသည် မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းသို့ စက်တင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့ပြီး ထိန်းသိမ်းခံ မြန်မာနိုင်ငံသားများအား မလေးရှားနိုင်ငံ တာဝန်ရှိသူများထံမှ စနစ်တကျလွှဲပြောင်းလက်ခံခဲ့ပြီးနောက် စက်တင်ဘာလ ၂၉ ရက် ညပိုင်းတွင် ပြန်လည်ခေါ်ဆောင်လာခဲ့ရာ ရန်ကုန်မြို့ အမှတ်(၃)ဆိပ်ခံတံတား (သီလဝါ) သို့ ယနေ့နံနက် ၇ နာရီ ၃၅ မိနစ်ခန့်တွင် ဆိုက်ကပ်ရောက်ရှိခဲ့ပြီး အမိမြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့သည်။

ထိုသို့ သွားရောက်ခေါ်ဆောင်ခဲ့စဉ်အတွင်း စစ်ရေယာဉ်မှ တာဝန်ရှိသူများက အမိမြေမှ ပြည်ပနိုင်ငံသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများအား နွေးထွေးစွာ ကြိုဆိုလက်ခံကြပြီး စစ်ရေယာဉ်များပေါ်တွင် စနစ်တကျနေရာချထားပေးခြင်း၊ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ နေ့စဉ်စားသောက်ဖွယ်ရာများ ချက်ပြုတ်ကျွေးမွေးခြင်း၊ စိတ်အပန်းဖြေစေရန် ကြိုက်နှစ်သက်ရာ Game များ ကစားကြခြင်းနှင့် ရုပ်ရှင်ဗီဒီယိုဇာတ်ကားများ ပြသခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေး စုပေါင်းလေ့ကျင့်ခန်းများ ပြုလုပ်ကြခြင်း၊ လိုအပ်သည့် အဝတ်အထည်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ ပေးအပ်ခြင်းတို့ကို စစ်ရေယာဉ်များ၌ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် အောက်တိုဘာလ ၁ ရက် နံနက်ပိုင်းတွင် စစ်ရေယာဉ်များ အမိမြန်မာပြည် မြန်မာ့ရေပိုင်နက်သို့ စတင်ချင်းနင်းဝင်ရောက်ချိန်၌ မိခင်နိုင်ငံရေမြေနှင့် ကာလအတန်ကြာဝေးကွာနေခဲ့ရသော မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ မောင်ရင်းနှမ၊ မိရင်းဖသဖွယ် လှိုက်လှဲစွာကြိုဆိုကြောင်း သတင်းစကားပါးမှုအပေါ် ဝမ်းမြောက်ဝမ်းသာလက်ခုပ်တီး၍ ပျော်ရွှင်မှုစိတ်ခံစားချက်များကို တွေ့မြင်ရပြီး ပြန်လည်ခေါ်ဆောင်နိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ ကြီးမားသော မေတ္တာတရားနှင့် စေတနာပြည့်ဝစွာဖြင့် အဘက်ဘက်က ကူညီဆောင်ရွက်ပေးခဲ့သော တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရှိရသည်။

ရန်ကုန်မြို့ အမှတ်(၃) ဆိပ်ခံတံတား(သီလဝါ) ဆိပ်ကမ်းသို့ ရောက်ရှိချိန်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် မိသားစုဝင်များက ဝမ်းမြောက်ဝမ်းသာ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုခဲ့ကြပြီး နေ့လယ်စာ ကြက်ဆီထမင်း၊ မုန့်နှင့် စားသောက် ဖွယ်ရာများကို ကျွေးမွေးကာ ဒေသများအလိုက် အသင့် စောင့်ဆိုင်းနေသော မော်တော်ယာဉ်များ ပေါ်သို့ တင်ဆောင်၍ ခေတ္တနားခိုရန် အသင့်စီစဉ်ထားသော စုရပ်နေရာများသို့ ပို့ဆောင်ပေးလျက်ရှိသည်။ ထို့ပြင် သက်ဆိုင်ရာ တာဝန်ရှိသူများက စိစစ်လက်ခံရေးဆောင်ရွက်၍ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ ကိုယ်စားလှယ်များထံသို့ စနစ်တကျလွှဲပြောင်းပေးကာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ တာဝန်ရှိသူများက တိုင်းဒေသကြီး/ပြည်နယ်များအလိုက် UID Card များ ဆောင်ရွက်ပေးလျက်ရှိသည်။ နေရပ်ဝေးကွာသူများအား ၎င်းတို့၏ မိဘဆွေမျိုးများ၊ မိသားစုများနှင့် အမြန်ဆုံးပြန်လည်တွေ့ဆုံနိုင်ရေးနှင့် နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်၍ အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ဆက်လက်ကူညီ



နေရပ်ပြန် မြန်မာနိုင်ငံသားများအား သင်္ဘောပေါ်တွင် စားသောက်ဖွယ်ရာများ ကျွေးမွေးစဉ်။

ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်ရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးတို့ကို အလေးထား ဆောင်ရွက်လျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ၌ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၉၀၅ ဦးအား ၂၀၂၆ ခုနှစ်အတွင်း ဇန်နဝါရီလမှ

စာမျက်နှာ ၅ သို့ ❖






ရန်ကုန်မြို့ အမှတ်(၃)ဆိပ်ခံတံတား(သီလဝါ)ဆိပ်ကမ်း၌ နေရပ်ပြန် မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုကြစဉ်။



နေရပ်ပြန် မြန်မာနိုင်ငံသားများအား သင်္ဘောပေါ်တွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။



နေရပ်ပြန် မြန်မာနိုင်ငံသားများ စိတ်အပန်းပြေစေရန် သင်္ဘောပေါ်တွင် စုပေါင်းသီချင်းသီဆိုနေကြစဉ်။

# နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပနိုင်ငံများတွင် အခက်အခဲဒုက္ခများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၄

နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်ရေး၊ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် လိုအပ်သည့် ကောင်စစ်ဆိုင်ရာ ကူညီဆောင်ရွက်မှုများကို အစဉ်တစိုက် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာအစိုးရအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသောလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်မှုကြောင့် ပြစ်ဒဏ်များကျခံခဲ့ပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများ၌ ထိန်းသိမ်းခံရကာ မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၁၀၈၆ ဦးကို လူသားချင်းစာနာထောက်ထားမှုအရ နှစ်နိုင်ငံအစိုးရချင်းညှိနှိုင်းကာ မြန်မာ့တပ်မတော်ရေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား တပ်မတော်လေယာဉ်၊ စင်းလုံးငှားလေယာဉ်၊ အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းလိုင်း(MAI) နှင့် AirAsia လေယာဉ်များဖြင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ မြန်မာနိုင်ငံသားစုစုပေါင်း ၁၉၀၅ ဦးကိုလည်းကောင်း၊ အိန္ဒိယရေပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်မှုဖြင့် အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့၌ ထိန်းသိမ်းခံထားရသည့် မြန်မာရေလုပ်သား ၂၆ ဦးအား အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း(MAI)ဖြင့် ၂၀၂၆ ခုနှစ် ဇူလိုင် ၂၃ ရက်တွင်လည်းကောင်း ပြန်လည်ခေါ်ယူနိုင်ခဲ့ပြီးဖြစ်သည်။

ယခုအခါ မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုနှင့် အခြားသောလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချိုးဖောက်ခဲ့မှုများကြောင့် ပြစ်ဒဏ်ကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားသူများကို မြန်မာနိုင်ငံသား မှန်ကန်မှုရှိ/မရှိကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စိစစ်ဆောင်ရွက်ခဲ့သည်။ ထိုသို့ စိစစ်ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံသားမှန်ကန်သူ ၈၀၄၁ ဦးကို လေယာဉ်ဖြင့် အပတ်စဉ် ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။ ထို့ပြင် လေယာဉ်စရိတ်မတတ်နိုင်သည့် မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၁၄၇၆ ဦးအား မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ် (မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)နှင့် စစ်ရေယာဉ် (ဆင်ဖြူရှင်) တို့ဖြင့် ပြန်လည်ခေါ်ဆောင်လာရာ ယနေ့တွင် မြန်မာနိုင်ငံသို့ ချောမောစွာရောက်ရှိခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိအချိန်တွင် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည့်အားလျော်စွာ နိုင်ငံသားများအနေဖြင့် ပြည်တွင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ စသည့်စီးပွားရေးကဏ္ဍများတွင် အလုပ်လုပ်ကိုင်ကြခြင်းဖြင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု စွမ်းအားကို မြှင့်တင်နိုင်ပြီး မြန်မာနိုင်ငံသားများအနေဖြင့် ဂုဏ်သိက္ခာရှိပြီး လုံခြုံစိတ်ချရသည့် လူနေမှုဘဝကို ရရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် မြန်မာနိုင်ငံသားများအနေဖြင့် လူကုန်ကူးပွဲစားများ၏ မက်လုံးပေးဆွဲဆောင်စည်းရုံးမှုများကို အယုံမလွယ်ကြရန်၊ တရားမဝင်နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်ပသို့ တရားမဝင်ထွက်ခွာမှုများကို ရှောင်ကြဉ်ကြရန်နှင့် လူကုန်ကူးခံရမှုမရှိစေရေး သတိပြုဆင်ခြင်နိုင်ကြရန် သတိပေးနှိုးဆော်ထားသည်။

နိုင်ငံတော်အစိုးရသည် ပြည်ပတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား မည်သို့သော အခြေအနေတွင်ဖြစ်စေ အခက်အခဲကြုံတွေ့လာပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နောင်တွင်လည်း ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် အခက်အခဲတစ်စုံတစ်ရာကြုံတွေ့လာပါက မြန်မာသံရုံးများနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်သတင်းပို့နိုင်ကြောင်းနှင့် မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရန် သက်ဆိုင်ရာနိုင်ငံများနှင့်ချိတ်ဆက်၍ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်



နေရပ်ပြန်မြန်မာနိုင်ငံသားများအား မိသားစုဝင်များက ကြိုဆိုကြစဉ်။



နေရပ်ပြန်မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ဝေငှပေးစဉ်။

❖ စာမျက်နှာ ၄ မှ

စက်တင်ဘာလအထိ တပ်မတော်လေယာဉ်၊ စင်းလုံးငှားလေယာဉ်များဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံရေပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်မှုဖြင့် အိန္ဒိယနိုင်ငံ၊ ပို့ဘလဲမြို့၌ ထိန်းသိမ်းခံထားရသည့် မြန်မာရေလုပ်သား (၂၆)ဦးအား ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်တွင် မြန်မာ့လေကြောင်းလိုင်း(MAI)ဖြင့် လည်းကောင်း၊ မလေးရှားနိုင်ငံ၌ တရားမဝင် နေထိုင်မှုများကြောင့် ပြစ်ဒဏ်များ ကျခံခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား(၁၀၈၆)ဦးအား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်တွင် တပ်မတော်ရေယာဉ်များဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံသား(၈၀၄၁)ဦးအား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လကုန်အထိ လေယာဉ်များဖြင့်လည်းကောင်း အသီးသီးခေါ်ဆောင်ပေးခဲ့သည့်အပြင် ယခုအခါ မလေးရှားနိုင်ငံမှ ခေါ်ဆောင်ရန် ကျန်ရှိနေသေးသော မြန်မာနိုင်ငံသား (၁၄၇၆) ဦးကို လည်း လူသားချင်းစာနာ ထောက်ထားမှုအရ နှစ်နိုင်ငံအစိုးရအဖွဲ့များ ညှိနှိုင်းကာ ယခုကဲ့သို့ မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတကြီး၏ အမိအဖပမာ ကြီးမားသောမေတ္တာတရား၊ တပ်မတော်၏ မွန်မြတ်ခိုင်ကျည်သော လုံ့လအားထုတ်မှု၊ တာဝန်ရှိဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ ပြည့်ဝသောစေတနာဖြင့် ပူးပေါင်းဆောင်ရွက်မှု၊ အမိမြန်မာနိုင်ငံနှင့် ဝေးကွာပြီး ဘေးဒုက္ခများခံစားနေရသော ပြည်ပရောက်မြန်မာနိုင်ငံသားများ အတွက် အိမ်အပြန်ခရီးကို အောင်မြင်စွာ ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီး မိသားစုများနှင့် အမြန်ဆုံးပြန်လည်ပေါင်းစည်းနိုင်တော့မည် ဖြစ်၍ ပြန်လည် ရောက်ရှိလာသူများအနေဖြင့် ကြည်နူးမှုပီတိမျက်ရည်များဖြင့် စိတ်အေးချမ်းသာရွှင်လန်းဝမ်းမြောက်လျက်ရှိကြကြောင်း သိရှိရပါသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အားအဘက်ဘက်မှဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံသားများအားလုံး ဘေးကင်းလုံခြုံစွာဖြင့် လုပ်ကိုင်နေထိုင်နိုင်ရေးတို့ အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက် ပေးလျက်ရှိသည်။ နိုင်ငံသားများအနေဖြင့် လည်း နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ကို သိရှိနားလည်ကာ ပြည်တွင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများတွင် မိမိတို့တတ်စွမ်းသမျှ ကြိုးပမ်းလုပ်ကိုင် ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားကို ယခုထက်ပိုမိုမြှင့်တင်နိုင်ပြီး ဂုဏ်သိက္ခာရှိ၍ လုံခြုံစိတ်ချရသည့်လူနေမှုဘဝများ ရရှိကြမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်လိုသည့် မြန်မာနိုင်ငံသားများအနေဖြင့် လူကုန်ကူးပွဲစားများ၏ မက်လုံးပေး ဆွဲဆောင်စည်းရုံးမှုများကို အယုံမလွယ်ကြရန်၊ နယ်စပ်ဒေသများမှတစ်ဆင့် ပြည်ပသို့ တရားမဝင် ထွက်ခွာခြင်းများကို မပြုလုပ်ကြရန်၊ ပတ်ဝန်းကျင်စည်းရုံးမှုများကို အယုံကြည်လွယ်၍ လူကုန်ကူးခံရမှုမရှိစေရေး သတိပြုဆင်ခြင်နိုင်ကြရန် လိုအပ်မည်ဖြစ်ပြီး ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအနေဖြင့် အခက်အခဲတွေ့ကြုံလာပါက မြန်မာသံရုံးများနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်သတင်းပို့နိုင်ကြောင်းနှင့် အမိနိုင်ငံသို့ အေးချမ်းလုံခြုံစွာ ပြန်လည် ရောက်ရှိနိုင်ရေး သက်ဆိုင်ရာနိုင်ငံများမှ အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၁၀၀

★ အလှည့်ကျစနစ်ဖြင့်မှ

ထို့အပြင် ယခုနှစ်နွေရာသီအမီ ဆိုလာစီမံကိန်းအသစ်များ၊ ရေအားလျှပ်စစ်စီမံကိန်းအသစ်များ အပါအဝင် ဓာတ်အားထပ်မံထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေသကဲ့သို့ ဖျက်ဆီးခံထားရသည့် ဓာတ်အားပေးစနစ်များ ပြန်လည်ကောင်းမွန်လာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ပြင်းထန်အယ်လ်နီညိုရာသီဥတုဖြစ်စဉ်၏ သက်ရောက်မှုကြောင့် အပူချိန်မြင့်မား၍ ဓာတ်အားလိုအပ်ချက် မြင့်မားလာသည့်အချိန်တွင် ဓာတ်အားထုတ်လုပ်မှုနှင့်သုံးစွဲမှု အချိုးညီမှုမရှိပါက ဓာတ်အားစနစ်အတွင်းရှိ ဓာတ်အားထုတ်စက်များ ရုတ်တရက် ရပ်တန့်ခြင်း၊ မဟာဓာတ်အားလိုင်းများအပြစ်ဖြစ်ပေါ်၍ တစ်နိုင်ငံလုံး ဓာတ်အားစနစ်ပြတ်တောက်ခြင်း(System Breakdown) စသည်တို့ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ရာ ယခုကာလတွင် ဓာတ်အားထုတ်လုပ်နိုင်မှုနှင့်အညီ သုံးစွဲမှုကို အချိုးညီစေရေးအတွက် ဝန်အားထိန်းညှိဖြန့်ဖြူးမှုကို မလွှဲမရှောင်သာ အနည်းဆုံးပမာဏဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား အလှည့်ကျစနစ်ဖြင့် ဝန်အားထိန်းညှိ၍ ဓာတ်အားဖြန့်ဖြူးမည့်အစီအစဉ်ကို (၅-၁၀-၂၀၂၆)နေ့မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

**ယူအီးအက်ဖ်အေနေးရှင်းလိဂ်အုပ်စုအဆင့် အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| အဇာဘိုင်ဂျန် | ၁ - ၀ | လစ်သူယေးနီးယား |
| ကိုဆိုဗို | ၁ - ၁ | ဩစတြီးယား |
| မော်လ်တာ | ၁ - ၀ | အန်ဒိုရာ |

**နိုင်ငံတကာ ခြေစစ်ပွဲများ အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| ကာဂျစ္စတန် | ၃ - ၁ | လက်ဘနွန် |
| ဆီနီဂေါ | ၁ - ၀ | ကိုမိုရို |
| အီဂျစ် | ၀ - ၁ | တောင်အာဖရိက |
| မော်ရိုကို | ၁ - ၁ | မာလီ |

ပလတ်စတစ် ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။

မြန်မာ့အလင်း



# ကိုယ့်မြေကိုယ့်လေကို ရှူရှိုက်လိုက်ရတဲ့ ခံစားမှုဟာ ဘာနဲ့မှလဲလို့မရပါဘူး။ ကျွန်မတို့ကို ကယ်တင်ပေးခဲ့တဲ့ နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံ့အကြီးအကဲတွေနဲ့ တပ်မတော်ကို အလွန်ကျေးဇူးတင်ပါတယ်

မချို(လှိုင်းဘွဲ့မြို့၊ ကရင်ပြည်နယ်)

ဓာတ်ပုံ - ကနူး/မောင်သီ
အင်တာဗျူး - သစ္စာ(MNA)

**မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား စက်တင်ဘာ ၂၉ ရက်တွင် မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းမှ တပ်မတော်(ရေ)နှင့် တာဝန်ရှိသူများဦးဆောင်၍ စစ်ရေယာဉ် (မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) နှင့် စစ်ရေယာဉ် (ဆင်ဖြူရှင်)တို့ဖြင့် မြန်မာနိုင်ငံသား အမျိုးသား အမျိုးသမီး စုစုပေါင်း ၁၄၇၆ ဦးတို့ကို ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။**

နေရပ်ပြန် နိုင်ငံသားများ အနေဖြင့် အရာရာခြားနားသော ပြည်ပနိုင်ငံတွင် စိုးရိမ်ကြောင့်ကြမှုဖြင့် နေထိုင်ရသည်ထက် အမိနိုင်ငံတွင် အေးချမ်းပျော်ရွှင်စွာဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တို့တွင် တစ်တပ်တစ်အား လက်တွဲပါဝင်ရန် စိတ်အားထက်သန်မှုနှင့်အတူ ယခုကဲ့သို့ အမိနိုင်ငံသို့ အပူအပင်ကင်းစွာ ပြန်လည်ရောက်ရှိလာပြီး မိသားစုနှင့်အတူ အိမ်ဟူသော အမိုးရိပ်အောက်၌ အေးအတူပူအမျှ အတူတကွနေထိုင်နိုင်ရန် နိုင်ငံတော်အစိုးရမှ ဖေးမခေါ်ဆောင်လာမှုအပေါ် လှိုက်လှဲဝမ်းသာစွာကျေးဇူးတင်ရှိကြသည့် မိဘပြည်သူများနှင့် နေရပ်ပြန် နိုင်ငံသားတို့၏ ရင်ထဲမှ စကားသံတို့ကို စုစည်းဖော်ပြလိုက်ပါသည်-



(၁) ဒေါ်ခင်ဝိုင်း
(နှမ်းတောရွာ၊ ပျဉ်းမနားမြို့)

ဒီနေ့ မလေးရှားက ပြန်ခေါ်လာတဲ့သူတွေ ရောက်လာပြီဆိုလို့ ဒီကို ရောက်လာတာပါ။ သားတစ်ယောက်တည်း ရှိတာပါ။ ဟိုမှာအလုပ်လုပ်တာ တစ်နှစ်ကျော်ပါပြီ။ အဖမ်းခံရတာ ခုနစ်လကြာပါတယ်။ မလေးရှားကနေ တပ်မတော်သင်္ဘောနဲ့ ပါလာပြီ၊ ထွက်လာပြီ၊ ဘယ်ကိုရောက်ပြီဆိုပြီး ဖုန်းနဲ့ လှမ်းဆက်သွယ်တဲ့အတွက် ဝမ်းလည်းသာ ငိုလည်းငိုရပါတယ်။ သားလေးကို မြန်မာနိုင်ငံ ပြန်ရောက်အောင် ကူညီပေးကြတဲ့ အကြီးအကဲများအားလုံးကို ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ်။

(၂) ဒေါ်အေးမြတ်နွယ်
(ကျောက်တံခါးမြို့၊ ပဲခူးတိုင်းဒေသကြီး)

သားကိုမြင်ရတော့မယ်ဆိုတော့ လက်တွေခြေတွေ တုန်နေပါတယ်။ စွန့်ပစ်ရပြီလို့ထင်ရတဲ့ ကလေးကို နိုင်ငံ့အကြီးအကဲများက ပြန်ခေါ်ပေးတဲ့အတွက်



ဝမ်းသာကြည်နူး ဖြစ်ရပါတယ်။ မလေးရှားမှာ သုံးနှစ်နေခဲ့ပြီး အောက်လမ်းက သွားတဲ့အတွက် အဖမ်းခံရတာပါ။ ထောင်ထဲမှာ တစ်နှစ်ပြည့်ပါပြီ။ စားဝတ်နေရေးအတွက် လွတ်ရတာဖြစ်တော့ အဖမ်းခံရချိန်မှာ မိသားစုပရိဒေဝမီး ခံစားနေရတာ နေ့စဉ်လိုပါပဲ။ ပြန်လာမယ်လို့ မြန်မာနိုင်ငံက ဆက်သွယ်အကြောင်းကြားတော့ အံ့သြဝမ်းသာပြီး ထမင်းမစားနိုင် ဖြစ်ရပါသေးတယ်။ အခု ရင်အေးပါပြီ။ ဘယ်ကိုမှလည်း မလွှတ်တော့ပါဘူး။ ကလေးရဲ့ စိတ်ကျန်းမာရေးကောင်းအောင် အရင်ဆောင်ရွက်ပေးသွားဖို့ ရှိပါတယ်။



(၃) ကိုကျော်သူစိုး(ဆော‌မြို့နယ်၊ မကွေးတိုင်းဒေသကြီး)

ကျွန်တော် မလေးရှားမှာ သုံးနှစ်အလုပ်လုပ်ခဲ့တာပါ။ စိုက်ပျိုးရေးမှာ အလုပ်လုပ်နေရင်း ညပိုင်းခြံထဲကိုဝင်ပြီး ဖမ်းဆီးတာခံရတာပါ။ ကျွန်တော်တို့ကို လာခေါ်တဲ့ စစ်သင်္ဘောပေါ်မှာ စားသောက်နေထိုင်ရတာ အားလုံးအဆင်ပြေပါတယ်။ မလေးရှားနိုင်ငံက ထိန်းသိမ်းခံရတဲ့နေရာမှာ ရှစ်လနေခဲ့ရပြီး အခက်အခဲနဲ့ ဒုက္ခမျိုးစုံတွေ့ခဲ့ရပါတယ်။ မြန်မာနိုင်ငံသားတွေလည်း ကျန်နေပြီး အနေဆင်းရဲ၊ အစားဆင်းရဲတာကြောင့် အမြန်ဆုံးခေါ်ဆောင်ပေးစေလိုပါတယ်။ အခု မိသားစုနဲ့တွေ့ရတော့မယ်ဆိုတော့ အတိုင်းမသိဝမ်းသာပါတယ်။ အခြားနိုင်ငံမှာ ကိုယ့်နိုင်ငံလောက် လုံခြုံအေးချမ်းပြီး စာနာထောက်ထားမှု မရှိပါလားလို့လည်း ရင်ထဲမှာ အားလုံးခံစားနေရမှာပါ။ ပြည်ပမှာ အလုပ်သွားလုပ်မယ်ဆိုရင် အထောက်အထားပြည့်စုံမှသာ သွားရောက်လုပ်ကိုင်ဖို့ နိုင်ငံသားတွေကို ပြောချင်ပါတယ်။ ကျွန်တော်တို့ကို လောကငရဲကခေါ်ထုတ်လာပေးတဲ့ နိုင်ငံတော်အစိုးရကို ဘယ်လိုမှ ပြောမပြတတ်အောင် အလေးအနက်ထား ကျေးဇူးတင်ပါတယ်။



(၄) မချို
(လှိုင်းဘွဲ့မြို့၊ ကရင်ပြည်နယ်)

မြန်မာနိုင်ငံ ဘုရားသုံးဆူကနေ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၅ ရက်က မလေးရှားနိုင်ငံကို ထွက်သွားတာ ၁၁ ရက်မှာ မလေးရှားကိုရောက်ပါတယ်။ ရောက်ပြီးညနေပိုင်းမှာ ကျွန်မတို့ သူငယ်ချင်း ခြောက်ယောက်လုံး အဖမ်းခံရတာပါ။ CAMP ထဲမှာ ၁၀ ရက်နေရပြီး ထောင်ထဲပို့တာ ခံရတယ်။ မြန်မာနိုင်ငံသားတွေ ကျွန်မတို့လို အဖမ်းခံရတာ အများကြီးပဲဆိုတာ ဟိုရောက်မှ သိရတယ်။ ထောင်ထဲမှာ ဘာတစ်ခုမှ အဆင်မပြေပါဘူး။ ဒုက္ခမျိုးစုံ ဖုံးလွှမ်းနေတဲ့နေရာကို ရောက်သွားသလိုပါပဲ။ စီးပွားရေး အဆင်မပြေလို့ ပြည်ပကိုသွားတာဆိုပေမယ့် အဲဒီလို ဒုက္ခတွေရင်ဆိုင်ရမယ်လို့သိရရင် သွားဖြစ်မှာမဟုတ်ပါဘူး။ ရွာတွေကို လာခေါ်တဲ့ အလုပ်ပွဲစားတွေကို မယုံကြည်ကြဖို့ ပြောလိုပါတယ်။ ကျွန်မ အသက် (၁၉)နှစ်ပဲ ရှိပါသေးတယ်။ ရွာရောက်ရင်ပြည်ပမှာအလုပ်လုပ်ဖို့ လာခေါ်ရင် လုံးဝမသွားဖို့ ဆုံးဖြတ်ထားပါတယ်။ ရွာမှာပဲ အလုပ်လုပ်မယ်လို့ ဆုံးဖြတ်ထားပါတယ်။ သူငယ်ချင်းသုံးယောက်ဟိုမှာကျန်ခဲ့ပါသေးတယ်။ သူတို့တွေ ဘယ်လိုဆက်ပြီး အခက်အခဲတွေ ရင်ဆိုင်ရမလဲလို့ တွေးလိုက်ရင် မျက်ရည်ကျမိတယ်။ အခုလို ကိုယ့်မြေကိုယ့်လေကို ရှူရှိုက်လိုက်ရတဲ့ ခံစားမှုဟာ ဘာနဲ့မှ လဲလို့မရပါဘူး။ ကျွန်မတို့ကို ကယ်တင်ပေးခဲ့တဲ့ နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံ့အကြီးအကဲတွေနဲ့ တပ်မတော်ကို အလွန်ကျေးဇူးတင်ပါတယ်။



(၅) မောင်မောင်ဦး
(ပုဏ္ဏားကျွန်းမြို့၊ ရခိုင်ပြည်နယ်)

ကျွန်တော် မလေးရှားနိုင်ငံကို အောက်လမ်းကနေ သွားခဲ့တာပါ။ ဟိုက CAMP ထဲမှာ ရှစ်လနီးပါး နေခဲ့ရပါတယ်။ မလေးရှားနိုင်ငံ ဂျိုဟိုးပြည်နယ် CAMP ထဲမှာ လူသစ်တွေ ရာနဲ့ချီပြီး ရှိနေပါတယ်။ အခက်အခဲတွေ ကြုံတွေ့နေရတဲ့ ကျွန်တော်တို့ နိုင်ငံသားတွေကို နိုင်ငံတော်အစိုးရက အခုလိုပဲ ပြန်လည်ခေါ်ဆောင်ပေးတာ အတိုင်းမသိ ဝမ်းသာမိပါတယ်။ ကျန်ခဲ့ပြီး ဒုက္ခရောက်နေတဲ့ သူငယ်ချင်းတွေကို ဒီလိုပဲ ခေါ်ဆောင်ပေးဖို့လည်း မျှော်လင့်ပါတယ်။ အခုလိုခေါ်ဆောင်လာပေးတဲ့ နေရပ်ပြန်တွေထဲမှာ ရခိုင်ပြည်နယ်တစ်ခုလုံး မြို့အသီးသီးက လူဦးရေ ၃၀၀ နီးပါး ပါလာပါတယ်။ မိသားစုနဲ့ ပြန်တွေ့ရပြီး ကိုယ့်နိုင်ငံကိုပြန်လည်ခေါ်ဆောင်ပေးတဲ့ နိုင်ငံ့အကြီးအကဲတွေနဲ့ တပ်မတော်သားတွေကိုကျေးဇူးတင် ဂါရဝပြုပါတယ်ခင်ဗျာ။

(၆) ဗိုလ်ချုပ်ကျော်လင်းဇော်
တပ်မတော်(ရေ)

ဒီခရီးစဉ်မှာ စစ်ရေယာဉ်(မုတ္တမ)၊ စစ်ရေယာဉ် (ဆင်ဖြူရှင်)နဲ့ ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)သုံးစင်း စုဖွဲ့ပြီး သွားခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှုနဲ့ မလေးရှားနိုင်ငံမှာ နေရပ်ပြန်ဖို့အတွက် အခက်အခဲဖြစ်နေတဲ့ မြန်မာနိုင်ငံသား ၁၄၇၆ ဦးကို ပြန်လည်ခေါ်ဆောင်ခဲ့တဲ့ ခရီးစဉ် ဖြစ်ပါတယ်။ ရန်ကုန်ဆိပ်ကမ်းကနေ မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းအထိ ရေမိုင်



၈၅၀ ကျော် ဝေးပါတယ်။ အသွား၊ အပြန် ၁၁ ရက်ကြာခဲ့ပြီး ယနေ့ ပြန်ရောက်ခဲ့ပါတယ်။ ခရီးစဉ်အောင်မြင်ဖို့အတွက် ပထမဆုံး ဆက်သွယ်ဆောင်ရွက်ပေးတာက နိုင်ငံခြားရေးဝန်ကြီးဌာန ဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့အတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနလည်း ပါဝင်ပါတယ်။

တပ်မတော်ရေအပြင် လက်ရုံးတပ်ဖွဲ့တွေဖြစ်တဲ့ တပ်မတော်ဆေးတပ်ဖွဲ့၊ အင်ဂျင်နီယာတပ်ဖွဲ့၊ တပ်ထိန်းတပ်ဖွဲ့တွေပူးပေါင်းမှုနဲ့ လစ်ဟာမှုမရှိအောင် ဆောင်ရွက်ခဲ့ပါတယ်။ စစ်ရေယာဉ် သုံးစင်းမှာ အရာရှိ၊ စစ်သည် စုစုပေါင်း အင်အား ၄၃၂ ဦး လိုက်ပါပြီး လိုအပ်ချက်မရှိအောင် ခရီးစဉ်ကို ဆောင်ရွက်ခဲ့ပါတယ်။ နေရပ်ပြန်တဲ့ နိုင်ငံသားများအနေနဲ့ ဟိုမှာ ရက်ကြာရှည်စွာ ခက်ခဲကြမ်းတမ်းတဲ့ အချုပ်၊ CAMP နဲ့ ထောင်တွေထဲမှာ နေခဲ့ရတာကြောင့် သူတို့အတွက် စားရေး၊ သောက်ရေး၊ နေထိုင်ရေးကအစ အဆင်ပြေအောင်၊ စိတ်လက်ပေါ့ပါးအောင် အားကစားပြုလုပ်ပေးခြင်း၊ တေးသီချင်းများသီဆိုစေခြင်းစတဲ့ စိတ်နှလုံးပျော်ရွှင်အောင် စီမံဆောင်ရွက်ပေးတဲ့အပြင် မြန်မာ့ရေပိုင်နက်ကို စစ်သင်္ဘောစတင်ဝင်ရောက်တာနဲ့ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှုနဲ့အညီ မြန်မာ့အငွေ့အသက်ကို ပြန်လည် အမှတ်ရရှိအောင် မုန့်ဟင်းခါးချက်ကျွေးပြီး အစစအရာရာ လိုလေသေးမရှိအောင် ပြန်လည်ခေါ်ဆောင်ခဲ့ပါတယ်။

တပ်မတော်(ရေ) အနေနဲ့ နိုင်ငံတော်အကြီးအကဲ၊တပ်မတော်အကြီးအကဲ လမ်းညွှန်မှုနဲ့အညီ ပြည်သူ့အကျိုးဆိုရင် ဘယ်သောအခါမှ လက်မနှေး၊ အချိန်မဆိုင်းစေပဲ ကူညီဆောင်ရွက်ပေးနေတာ ဖြစ်တဲ့အတွက် အခုလို တာဝန်ထမ်းဆောင်ခွင့် ရရှိမှုအပေါ် ဝမ်းမြောက်ဂုဏ်ယူပါတယ်။

(၇) ဦးမြင့်ကြည်(ရန်ကုန်တိုင်းဒေသကြီး လဝက ဦးစီးမှူး)

ဒီနေ့ မလေးရှားနိုင်ငံက နေရပ်ပြန်နိုင်ငံသားတွေ သီလဝါဆိပ်ကမ်းကို ရောက်လာချိန်မှာ မြန်မာနိုင်ငံ



သားဆိုင်ရာ အချက်အလက်တွေကို စိစစ်မယ်၊ EID နဲ့ တိုက်ဆိုင်စစ်ဆေးပြီး UID လုပ်ငန်းတွေ ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ပထမဆုံး သင်္ဘောပေါ်ကို ပါသွားတဲ့ လဝကအဖွဲ့တွေက ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းပြီး နေရပ်ပြန်တွေရဲ့ ကိုယ်ရေးအချက်အလက်တွေကို စိစစ်ဆောင်ရွက်ထားတဲ့အပေါ် ဆိပ်ကမ်းကို ရောက်လာချိန်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ကိုယ်ရေးအချက်အလက်တွေကို ရယူဆောင်ရွက်ပြီး နေ့ချင်းလာရောက်ခေါ်ယူတဲ့ ကရင်၊ ကယား၊ ရောဝတီ၊ ပဲခူး၊ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ နေပြည်တော်ကောင်စီ၊ ရှမ်း၊ မွန်စတဲ့ လူ ၂၀၀ ကျော်ကို ဒီမှာပဲ UID စာရင်းကောက်ယူပြီး နိုင်ငံသားစိစစ်ရေးကတ် မရှိတဲ့သူတွေကို နိုင်ငံသားကတ် ထုတ်ပေးခြင်း၊ ကတ်ပြားနံပါတ်မမှတ်မိသူတွေနဲ့ နိုင်ငံသားစိစစ်ရေးကတ်ရှိတဲ့သူအားလုံးကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် လာရောက်ခေါ်ယူသူ ဌာနဆိုင်ရာတွေထံ နေရပ်ပြန်တွေကို အပ်နှံပေးပြီး ကား၊ လေယာဉ်၊ သင်္ဘောစသဖြင့် သွားလာရမယ့်ဒေသအပေါ်မူတည်ပြီး ပြန်လည်ပို့ဆောင်ပေးနေပါတယ်။ လဝကအနေနဲ့ မြန်မာနိုင်ငံသား ဟုတ်/မဟုတ်ကို EID စနစ်နဲ့ စိစစ်ပြီး အချက်အလက်မှန်အောင် UID ကောက်ယူခြင်းလုပ်ငန်းကို အဓိကထား ဆောင်ရွက်ပါတယ်။ ။

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၄**

မန္တလေးပညာရေး ဒီဂရီကောလိပ်၊ ကျောက်ဆည် တက္ကသိုလ်နှင့် မိတ္ထီလာစီးပွားရေး တက္ကသိုလ်တို့၌ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းပြီးစီးမှုနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ဘာသာရပ်ဆိုင်ရာ ပါမောက္ခများကိုယ်တိုင် Grade-12 သင် ဆရာ၊ ဆရာမများအား သင်ကြားလေ့ကျင့်ပေးနေမှုများကို ယနေ့ နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကြည့်ရှုအားပေးပြီး ပါမောက္ခချုပ်၊ ပါမောက္ခများနှင့် တွေ့ဆုံကာ ပညာသင်ကြားရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးသည် ကချင်ပြည်နယ် ပူတာအိုမြို့ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း (GTHS) စာသင်ဆောင်၊ လက်တွေ့ဆောင်၊ အိပ်ဆောင်၊ ဝန်ထမ်းအိမ်ရာနှင့် အားကစားကွင်းများကို လည်းကောင်း၊ ပူတာအိုမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းများကို လည်းကောင်း၊ လှည့်လည်ကြည့်ရှုကာ ဥပမိရပ်ကောင်းမွန်ရေး၊ ကျောင်းအလိုက်စာသင်ဆောင် လုံလောက်မှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀-၀



# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေး တာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနား ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

★ စာမျက်နှာ ၂၄ မှ

ဗိုလ်လုပွဲ၊ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး လုံတံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား မီတာ ၄၀၀ လေးယောက်တွဲ လက်ဆင့်ကမ်းပြေး ပြိုင်ပွဲများကို လည်းကောင်း၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော် အားကစားရုံ(A)၌ အမျိုးသား/အမျိုးသမီးကီလိုတန်းအလိုက် အတိုက်ပြိုင်ပွဲများ အသီးသီး ယှဉ်ပြိုင်ကစားကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊လေ) အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော် အားကစားရုံ(B)၌ အမျိုးသား/ အမျိုးသမီး အုပ်စုပတ်လည်ပွဲစဉ်များကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော် အားကစားရုံ(C)၌ အမျိုးသားဓားနှစ်လက် အတိုက် (က)တန်း၊ အမျိုးသား ဓားတစ်လက် အတိုက်(က)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက် (ခ)တန်း၊ အမျိုးသမီး ဓားတစ်လက် အတိုက်ပြိုင်ပွဲ၊ အမျိုးသား ဗန်တို အတိုက်(က)တန်း၊ အမျိုးသား ဗန်တို အတိုက်(ခ)တန်း၊ အမျိုးသား ပန်ကြပ်ဆီလပ် အတိုက်(ခ)တန်း၊ အမျိုးသမီး ပန်ကြပ်ဆီလပ် အတိုက် ပြိုင်ပွဲများကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း စံပယ်အားကစားရုံ၌ အလွတ်တန်း သုံးယောက်တွဲအဖွဲ့လိုက် ဗိုလ်လုပွဲ ပွဲစဉ်များကို လည်းကောင်း၊





(၅၆)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ် အားကစားခန်းမ၌ ကီလိုတန်းအလိုက်ပွဲစဉ်များ၊ အလွတ်တန်း ပွဲစဉ်များ အသီးသီးယှဉ်ပြိုင် ကစားကြသည်။

အလားတူ ၂၀၂၆ ခုနှစ် (၆၃)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား အလွတ်တန်းအဆင့် ဘောလုံး ပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယ အဆင့် အုပ်စုပတ်လည်ပွဲစဉ် အဖြစ် ဇေယျာသီရိတပ်မတော် အားကစားကွင်း၌ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြု အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းက အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား လေးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ဇေယျာသီရိ လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ကာကွယ်ရေးဦးစီးချုပ် ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ် ရုံး(ရေ) ကိုယ်စားပြုအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၄**

အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာလူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "မင်းစံ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ အမှတ်(၃) ရပ်ကွက်နေ စံမြင့်(ခ)အလုအား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ကျိုက်မရောမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀-၀




# ထိုင်းနိုင်ငံ၌ လူဝင်မှုကြီးကြပ်ရေး အပလီကေးရှင်း အကောင်အထည်ဖော်ဆောင်ရွက်

ဗန်ကောက် အောက်တိုဘာ ၄

ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဗျူရိုသည် ပြည်ပခရီးသွားများ နိုင်ငံအတွင်းဝင်ရောက်မှုလွယ်ကူစေရေးအတွက် (THIM) ခေါ် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အက်ပလီကေးရှင်းအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ပြည်ဝင်ခွင့်ဆိုင်ရာလုပ်ငန်းများ လွယ်ကူစေရေးနှင့် ပြည်ပခရီးသွားများ ထိုင်းနိုင်ငံအတွင်း တည်းခိုနေထိုင်ရာတွင် ချောမွေ့စေရေးအပြင် ယခုနှစ်တွင် ပြည်ပခရီးသွား ၃၃သန်းအား နိုင်ငံအတွင်းလာရောက်ရေး ရည်မှန်းချက်ကို အောင်မြင်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံအတွင်းသို့ ပြည်ပခရီးသွားများ အများအပြားလာရောက်ခြင်းဖြင့် လေဆိပ်များနှင့် နယ်စပ်ဂိတ်များတွင်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများအပေါ်တွင် ဖိအားများရှိလာခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးဗျူရိုကော်မရှင်နာ ရဲဒုတိယဗိုလ်ချုပ်ကြီး ပါနူမတ်ဘွန်ယာလက် က ပြောကြားသည်။ လူဝင်မှုကြီးကြပ်ရေးဗျူရိုအနေဖြင့် ပြည်ပခရီးသွားများအား လူဝင်မှုကြီးကြပ်ရေးကောင်တာများတွင် အချိန်ကြာမြင့်ခြင်းကိုလျှော့ချရန်ရည်ရွယ်ပြီး လုပ်ငန်းဆောင်ရွက်ရန် စုစုပေါင်း အချိန်စက္ကန့် ၄၀ သာ ရယူဆောင်ရွက်မည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးဗျူရို ဒုတိယကော်မရှင်နာ ရဲမှူးချုပ်ပရတ်ချယာ ပရာဆန်ဆွတ်က ပြောကြားသည်။ အဆိုပါအပလီကေးရှင်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ပြီးပြည့်စုံသည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးလမ်းပြမြေပုံ၏ မဟာဗျူဟာမြောက် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လက်ရှိတွင် THIM စနစ်၌ ဒစ်ဂျစ်တယ်ဆိုက်ရောက်မှုမှတ်ပုံတင်စနစ်ကို ပေါင်းစပ်ထည့်သွင်းထားပြီး ခရီးသွားများအနေဖြင့် ခရီးမစတင်မီ အွန်လိုင်းမှတစ်ဆင့် မိမိတို့၏အချက်အလက်များကို ပေးပို့နိုင်ပြီဖြစ်သည်။ နောက်ဆက်တွဲအဆင့်များတွင် တန်းစီစနစ်အတွက် ရက်ချိန်းရယူခြင်း၊ ဗီဇာသက်တမ်းတိုးခြင်း၊ ရက်ပေါင်း ၉၀ နေထိုင်မှု အခြေအနေသတင်းပို့ခြင်း၊ နေထိုင်ခွင့်လက်မှတ် ထုတ်ပေးခြင်းနှင့် ရောက်ရှိဗီဇာ လျှောက်ထားခြင်း စသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများပါ ပါဝင်လာစေရန် ယခုစနစ်ကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

VN Express

# အင်ဒိုနီးရှားနိုင်ငံ အနောက်နူဆာတင်ဂါရာပြည်နယ်ရှိ Rinjani တောင်သို့ တက်ရောက်ရာ ဆီနာရုလမ်းကြောင်း ပြန်လည်ဖွင့်လှစ်



ဂျကာတာ အောက်တိုဘာ ၄

အင်ဒိုနီးရှားနိုင်ငံ အနောက်နူဆာတင်ဂါရာ ပြည်နယ်ရှိ Rinjani တောင်သို့ တက်ရောက်ရာ ဆီနာရုလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း Rinjani တောင် အမျိုးသားဥယျာဉ်ဌာနက ပြောကြားခဲ့သည်။

အဆိုပါ လမ်းကြောင်းကို တောမီးလောင်ကျွမ်းမှုကြောင့် ပိတ်သိမ်းခဲ့သည်။

မီးငြိမ်းသတ်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခြင်းနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်း၍ ဘေးကင်းလုံခြုံမှုဆိုင်ရာ အကဲဖြတ်စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် စနေနေ့တွင် အဆိုပါလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ဥယျာဉ်တာဝန်ရှိသူ အက်စတီကီတာ အာဒီဆီတိုက ပြောကြားခဲ့သည်။

မီးငြိမ်းသတ် ပြီးစီးကြောင်း အတည်ပြုချက်ရရှိပြီး တောင်တက်ရာတွင် အသုံးပြုသည့် အဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများကို စစ်ဆေးပြီးနောက် ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး တောင်တက်သူများ အနေဖြင့် အွန်လိုင်းမှတစ်ဆင့် စာရင်း ပေးသွင်းနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆီနာရုလမ်းကြောင်းကိုပြန်လည်ဖွင့်လှစ်လိုက်ခြင်းနှင့် အတူ Rinjani တောင်ပေါ်ရှိ တောင်တက်လမ်းကြောင်း ငါးခုစလုံး ပြန်လည်လည်ပတ်နေပြီ ဖြစ်ကြောင်း၎င်းက ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၂ ရက်က Torean အပန်းဖြေဧရိယာရှိ Setampol တောင်ကုန်းတွင် စတင်ဖြစ်ပွားခဲ့သော မီးလောင်ကျွမ်းမှုကြောင့် စက်တင်ဘာ ၂၉ ရက်အထိ ဧရိယာ ဟက်တာ ၁၀၉၈ ခန့် ထိခိုက်ပျက်စီးခဲ့ပြီး မီးပြန်လည်လောင်ကျွမ်းမှုမရှိစေရေးအတွက် ဒရုန်းဖြင့် စောင့်ကြည့်ခြင်းနှင့် ကင်းလှည့်စစ်ဆေးခြင်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ဆင်ဟွာ

# နိုက်ကီကုမ္ပဏီ ဈေးကွက်တိုးတက်မှု ပြန်လည်ဆန်းသစ်ရန် အာရှခေါင်းဆောင်မှု အဆောက်အအုံအတွင်း ဝင်ရောက်လာ

ပေကျင်း အောက်တိုဘာ ၄

နိုက်ကီကုမ္ပဏီသည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် ၎င်း၏ ဒုတိယအကြီးဆုံးဈေးကွက်တွင် တိုးတက်မှုကို ပြန်လည်ဆန်းသစ်ရန်အတွက် တရုတ်နိုင်ငံ စီးပွားရေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်သော အာရှခေါင်းဆောင်မှု အဆောက်အအုံ အတွင်းသို့ ဝင်ရောက်လာလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယမန်နေ့က ကြေညာခဲ့သော အဖွဲ့အစည်း ပြန်လည်ဖွဲ့စည်းမှုသည် လုပ်ငန်းစဉ်များကို ရိုးရှင်းလွယ်ကူစေရန်နှင့် ဒေသတစ်ခုလုံးတွင် စွမ်းဆောင်ရည်များ မျှဝေမှုကို လျှင်မြန်စေရန် ရည်ရွယ်၍ နိုက်ကီ၏ အာရှ-ပစိဖိတ်နှင့် တရုတ်နိုင်ငံဆိုင်ရာလုပ်ငန်းများကို ခေါင်းဆောင်မှုအဖွဲ့တစ်ခုတည်းအောက်သို့ ပေါင်းစည်းလိုက်ခြင်းဖြစ်သည်ဟု နိုက်ကီ တရုတ်ပြည်မကြီးဒေသ၏ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေမန်နေဂျာ ကာသီစပတ်ခ်စ်က ပြောကြားသည်။

"ဒါဟာ ကြီးမားတဲ့ ပြောင်းလဲမှုတစ်ခုဖြစ်ပါတယ်၊ ဒီအဆောက်အအုံက ကျွန်မတို့ကို လည်ပတ်မှုပုံစံကို ရိုးရှင်းစေဖို့နဲ့ ဈေးကွက်ထဲက စားသုံးသူတွေဆက်နွယ်မှု ပိုမိုအားကောင်းပြီး ပိုမိုလျင်မြန်စွာ တုံ့ပြန်နိုင်စေဖို့ အခွင့်အရေး ပေးပါတယ်"ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရသည်။

Mon




INTERNATIONAL NEWS

နိုင်ငံတကာသတင်းများ

# ဗီယက်နမ်အမျိုးသား နည်းပညာဆန်းသစ်တီထွင်မှုနေ့ လှုပ်ရှားမှု ဟနွိုင်းမြို့၌ ကျင်းပ၊ ကုမ္ပဏီ ၁၀၀ ကျော်၏ ပြခန်းများ ပါဝင်

ဟနွိုင်း အောက်တိုဘာ ၄

ဗီယက်နမ်နိုင်ငံသည် အစိုးရခေါင်းဆောင်များနှင့် ကိုယ်စားလှယ် ၁၀၀၀ ကျော် တက်ရောက်သည့် ၂၀၂၆ ခုနှစ် အမျိုးသား နည်းပညာဆန်းသစ် တီထွင်မှုနေ့လှုပ်ရှားမှုကို အောက်တိုဘာ ၄ ရက်တွင် ဟနွိုင်းမြို့တော်၌ စတင်ကျင်းပခဲ့ရာ ဆမ်ဆောင်းနှင့် မေတာ အပါအဝင် ကုမ္ပဏီပေါင်း ၁၀၀ ကျော်၏ နည်းပညာပြခန်းများ ပါဝင်ပြသကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမျိုးသား ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် ယခုနှစ်ပွဲတော်ကို "ဆန်းသစ်တီထွင်မှု - လူ့အဖွဲ့အစည်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အား" ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ဆန်းသစ်တီထွင်မှုဆိုသည်မှာ ရင်းနှီးပြီးသား ပြဿနာများကို ရှုထောင့်အသစ်မှကြည့်ခြင်း၊ မေးခွန်းများမေးခြင်းနှင့် ပိုမိုကောင်းမွန်သော လုပ်ဆောင်နည်းများကို ရှာဖွေခြင်းမှ စတင်သည်ဟု သိပ္ပံနှင့် နည်းပညာဝန်ကြီး ငူယင်မာနှင့်ဟိုင်ကွမ်က ပြောကြားကြောင်း သိရသည်။

Mon

0-0-0-0-0




# ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံးဆန်တင်ပို့သည့်ကုမ္ပဏီက ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တင်ပို့မှု ဆက်လက်မြှင့်တင်ရန် စီစဉ်ထား

ဖနွမ်းပင် အောက်တိုဘာ ၄

ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံးဆန်တင်ပို့သည့် ကုမ္ပဏီတစ်ခုဖြစ်သော ဆစ်ဂ်နေချာ ရိုက်စ်က ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တင်ပို့မှု မြှင့်တင်ရန် အစီအစဉ်များကို ထုတ်ဖော်ကြေညာလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုလအတွင်း ဖိလစ်ပိုင်နိုင်ငံသို့ တိုက်ရိုက်တင်ပို့ရန် ကုမ္ပဏီက စီစဉ်ထားသည့် စုစုပေါင်း တန်ချိန် ၂၀၀၀၀ ၏ အစိတ်အပိုင်းတစ်ခုအဖြစ် အောက်တိုဘာ ၂ ရက်တွင် ဆန်တန်ချိန် ၅၀၀၀ ကို ကမ်ပေါ့ဆိပ်ကမ်း၌ သင်္ဘောပေါ်သို့ တင်ဆောင်ခဲ့သည်။ ထိုပမာဏအတိုင်း နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင်လည်း ဆက်လက်တင်ပို့ရန် စီစဉ်ထားသည်။

၂၀၂၇ ခုနှစ်တွင် ယင်းကုမ္ပဏီအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀၀၀ အထိ တင်ပို့ရန် ရည်မှန်းထားကြောင်း သိရသည်။

Mon

# မိုးဆက်တိုက်ရွာသွန်းမှု ၃၇ ရက်ကြာစံချိန်တင်ခဲ့ပြီးနောက် ဂျပန်နိုင်ငံ တိုကျိုမြို့တော်၌ မိုးရွာသွန်းခြင်း မရှိတော့ဟု ဆို



တိုကျို အောက်တိုဘာ ၄

ဂျပန်နိုင်ငံ တိုကျိုမြို့လယ်ခေါင်၏ စံချိန်တင် မိုးဆက်တိုက်ရွာသွန်းမှုသည် ၃၇ ရက်ကြာမြင့်ခဲ့ပြီးနောက် ယမန်နေ့က ပြီးဆုံးသွားခဲ့ပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တိုင်ဖုန်းမုန်တိုင်းများ၏ ရိုက်ခတ်မှုနှင့် ရှည်လျားသော ဆောင်းဦးရာသီ မိုးလေဝသအခြေအနေများကြောင့် စံချိန်တင် မိုးရွာသွန်းခဲ့ပြီးနောက် အောက်တိုဘာ ၃ ရက်တွင် တိုကျိုမြို့တော်၌ မိုးရွာသွန်းခြင်း မရှိတော့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ကြေညာသည်။

ယခင်စံချိန်မှာ ၂၀၁၉ ခုနှစ် ဖွန်လနှောင်းပိုင်းက ၃၃ ရက်ဆက်တိုက် မိုးရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0



## သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန် အသင့်စုဖွဲ့ဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီးအတွင်း လတ်တလောဖြစ်ပေါ်နေသော ရာသီဥတုသတိပေးချက်များအရ မိုးရွာသွန်းမှု များပြားနိုင်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း အပါအဝင် ရေကြီးရေလျှံခြင်းများ အစရှိသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်မီးသတ်စခန်းများမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် ယာဉ်၊ စက်နှင့် ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာများ အသင့်စုဖွဲ့ဆောင်ရွက်ထားရှိသည်။

သဘာဝဘေးများ ဖြစ်ပေါ်လာပါက အရေးပေါ် ဖုန်း-၁၉၁၊ ၀၂-၄၀၆၀၂၀၀ နှင့် ၀၂-၄၀၆၀၇၃၈၊ ၀၉-၇၅၉၀၇၃၆၄၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၀၄၅)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ စက်တင်ဘာ ၂၉ ရက် ညနေ ၄ နာရီ ၅ မိနစ်က သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မဝင်းမာဌေးဆိုသူ မောင်းနှင်ပြီး မစန်းစန်းမြင့်ဆိုသူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွဆေးပြား ၂၄၀၀၀ ပြားနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဝင်းမာဌေး(၃၈)နှစ်နှင့် စန်းစန်းမြင့်(၄၅)နှစ်ဆိုသူတို့အား သာစည်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြသခြင်း ဆောင်ရွက်

**မကွေး အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြသဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (ရတနာဒေဝီ)၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ ကျောင်းသားလူငယ်များ သိရှိလိုက်နာသင့်သည့် အချက်များကိုလည်းကောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများအကြောင်းတို့ကို ဟောပြောခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်စာစောင်ပြပွဲများကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**နောင်နောင် (မိသားနီးမြေ)**



## ဆိုလာအင်ဗာတာ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ အေးမြသီတာဈေးတွင် ဒေါ်--- ၏ ငါးပိရောင်းဝယ်ရေးဆိုင်ခန်း၌ တပ်ဆင်ထားသည့် ဆိုလာအင်ဗာတာ အပူလွန်ကဲကာ ပလတ်စတစ်အိတ်များပေါ်သို့ မီးပွားကျပြီး ယမန်နေ့ ည ၇ နာရီ မိနစ် ၅၀ က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မြင်းခြံခရိုင်မီးသတ်စခန်းမှ ဦးစီးမှူး ဦးအောင်သက်လှိုင်ဦးစီး၍ မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ မီးသတ်ရေသယ်ယာဉ် ငါးစီး၊ မြို့နယ်မီးသတ်စခန်းမှ ဦးစီးမှူး ဦးအောင်ကိုသန့် ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် သုံးစီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ မြင်းခြံနယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ စက်မှုဇုန်အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ နတ်ကြီးပင်ပရဟိတအသင်းမှ ရေသယ်ယာဉ် တစ်စီး၊ အဖြူရောင်လက်များပရဟိတအသင်းမှ ရေသယ်ယာဉ် တစ်စီး၊ OK Group မှ ရေသယ်ယာဉ် တစ်စီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၆၉ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦးဖြင့် မီးငြိမ်းသတ်ခဲ့ကြပြီး ည ၈ နာရီခွဲတွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် ဒေါ်--(၆၀)နှစ်၏ ငါးပိရောင်းဝယ်သောဆိုင်ခန်း လေးခန်း၊ ဒေါ်---(၆၆)နှစ်၏ ကြက်သွန်၊ ငရုတ်သီးရောင်းဝယ်သောဆိုင်ခန်း ရှစ်ခန်း၊ ဒေါ်---(၇၀)နှစ်၏ ငါးခြောက်ရောင်းဝယ်သောဆိုင်ခန်း ငါးခန်း၊ ဒေါ်---(၄၀)နှစ်၏ ငါးပိရောင်းဝယ်သောဆိုင်ခန်း လေးခန်း၊ ဦး---(၇၃)နှစ်၏ ပရိဘောဂရောင်းဝယ်သောဆိုင်ခန်း သုံးခန်း၊ စုစုပေါင်းဆိုင်ခန်း ၂၄ ခန်းနှင့် ကုန်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူ ငါးပိရောင်းဝယ်ရေး ဆိုင်ခန်းပိုင်ရှင် ဒေါ်---(၆၀)နှစ်အား မြင်းခြံမြို့မရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၅၇)**

## မြို့နယ်အချို့၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစားသူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ ဦးကိုကိုချစ်(၃၆)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီလောင်းကစားနေကြောင်း သတင်းအရ စကုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်၌ နှစ်လုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် ကိုကိုချစ် ဆိုသူအား စကုနယ်မြေရဲစခန်းတွင် လောင်းကစားဥပဒေဖြင့်လည်းကောင်း၊ အလားတူ နံနက် ၁၁ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ ဒေါ်မြဝင်း(၄၆)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစားနေကြောင်း သတင်းအရ တောင်ငူမြို့နယ်၊ အမှတ်(၂)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်၌ နှစ်လုံးထီ လောင်းကစားရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် မြဝင်း ဆိုသူအား တောင်ငူမြို့နယ်၊ အမှတ်(၂)နယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း၊ ထို့အတူ ညနေ ၄ နာရီ ၁၅ မိနစ်တွင် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မြို့မ(၃)ရပ်ကွက်နေ ဒေါ်အုန်းကြည်(ခ)ဒေါ်မိချို(၅၀)နှစ် ဆိုသူ၏ နေအိမ်ဆိုင်ခန်း၌ နှစ်လုံးထီ လောင်းကစားနေကြောင်း သတင်းအရ မုဒုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်ရှေ့ ဈေးဆိုင်ခန်းအတွင်း၌ နှစ်လုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း တစ်လုံး၊ ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် အုန်းကြည်(ခ)မိချိုဆိုသူအား မုဒုံမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## ဆီဘောက်ဆာယာဉ်တိမ်းမှောက်မှု ဖြစ်ပွား

**ဟိုပုံး အောက်တိုဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ ရွာသစ်ကျေးရွာ၊ ပြည်ထောင်စုလမ်းမကြီး၊ မိုင်တိုင်အမှတ် (၁၃၅/၂)နှင့်(၁၃၅/၃)ကြားတွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက ဆီဘောက်ဆာယာဉ် တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါယာဉ်တိမ်းမှောက်ရာသို့ ဟိုပုံးမြို့နယ်မီးသတ်စခန်းမှ ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် တစ်စီးဖြင့် ဆီဘောက်ဆာယာဉ်မီးလောင်မှု မဖြစ်ပွားစေရေးအတွက် ရေဖျန်းပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) မိုးသီး**

## ကျန်းမာရေးအသိပညာပေးခြင်းနှင့် ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်း ဆောင်ရွက်

**ကန့်ဘလူ အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာနခွဲ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက ဆောင်ရွက်သည်။



အဆိုပါအသိပညာပေးဟောပြောတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန သားဖွားဆရာမ ဒေါ်ထိုက်ထိုက်နိုင်ရည်က အပူဒဏ်ကာကွယ်ရေးနှင့် စားအုန်းဆီ စားသုံးမှုလျှော့ချရေးအတွက် သိသင့်၊ သိထိုက်သည်များနှင့် ဆောင်ရန်၊ ရှောင်ရန်များကိုလည်းကောင်း၊ သားဖွားဆရာမ ဒေါ်သီတာက အချိန်တိုအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကိုလည်းကောင်း အသိပညာပေးဆွေးနွေးကြသည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက မွေးကင်းစမှ အသက် နှစ်နှစ်အောက် ကလေးငယ်များအား အသက်အရွယ် အပိုင်းအခြားအလိုက် ဘီစီဂျီ၊ အသည်းရောင်အသားဝါ(ဘီ)၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးများကို ထိုးနှံပေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မွေးစမှ အသက်ငါးနှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေး

**ဂန့်ဂေါ အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁ ရက်မှစတင်၍ မွေးစမှ အသက်ငါးနှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။

ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးရာတွင် မွေးစမှ အသက်ငါးနှစ်အောက် ကလေးငယ်များအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောကာကွယ်ဆေး၊ ပိုလီယိုအကြောသေ ကာကွယ်ဆေး (သောက်ဆေး၊ ထိုးဆေး)၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေးများကို ကလေးများ၏ အသက်အရွယ် အပိုင်းအခြားအလိုက် သတ်မှတ်အကြိမ်ရေအတိုင်း ထိုးနှံတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးများကို ထိုးနှံပေးခြင်းဖြစ်သည်။

ထိုသို့ ကာကွယ်ဆေးများ ထိုးနှံရာသို့ ဂန့်ဂေါမြို့ပေါ်ရှိ ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ အောက်တိုဘာ ၁ ရက်မှ ၂ ရက်အထိ မွေးစမှ အသက်ငါးနှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင် ၆၃ ဦး လာရောက်၍ ထိုးနှံခဲ့ကြသည်။



အဆိုပါ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး-၁ ဦးထွန်းဇော်လင်း ဦးဆောင်သည့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများက မွေးစမှ အသက်ငါးနှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အောက်တိုဘာ ၁ ရက်မှ ၅ ရက်အထိ နံနက် ၈ နာရီမှ ၁၂ နာရီအထိလည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိလည်းကောင်း ကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**မောင်မျိုးမင်း(ပြန်/ဆက်)**



## ကန်တော့ပလ္လင်ဘုရားပရိဝုဏ်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**စဉ့်ကူး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်တွင် ပြည်သူများစိတ်အေးချမ်းစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို အောက်တိုဘာ ၃ ရက် နံနက် ၇ နာရီခွဲက စဉ့်ကူးမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ ကန်တော့ပလ္လင်ဘုရားပရိဝုဏ်တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သောအဖွဲ့တို့က ကန်တော့ပလ္လင်မြတ်စွာဘုရား၏ ဘုရားစေတီတော်မြတ်နှင့် ဘုရားရင်ပြင်တို့အား သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ဘုရားပရိဝုဏ်အတွင်း၊ အပြင်တို့တွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ မြက်ပင်များ ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသော အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စွန့်ပစ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**တင်ဇာလွင်(ပြန်/ဆက်)**

* - * - * - * - *

## မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုးညှင်း အောက်တိုဘာ ၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာယာကုန်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အပ်ချုပ်စက်သင်တန်းတက်ရောက်ပြီးစီးသူများ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ချိတ်ဆက်ဆောင်ရွက်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ယမန်နေ့ နံနက်ပိုင်းက ခရိုင်နှင့် မြို့နယ် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်း၊ မြို့နယ်ဦးစီးမှူး ဦးငွေးမြင့်နှင့်စီမံကိန်းတာဝန်ခံတို့က သာယာကုန်းကျေးရွာ၊ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အပ်ချုပ်စက်သင်တန်း တက်ရောက်ပြီးစီးသူများ၏ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေတို့ဖြင့် အထည်ချုပ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက အထည်ချုပ်လုပ်ငန်းများအနေဖြင့် အခြေခံမှ အဆင့်မြင့်သို့ တိုးချဲ့ဆောင်ရွက်နိုင်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ သာယာကုန်းကျေးရွာ၌ အပ်ချုပ်စက်သင်တန်း တက်ရောက်ပြီးစီးသူများအား အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အထည်ချုပ်လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စီမံကိန်းရန်ပုံငွေများကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း သိရသည်။

**(ဝဲပုံ) ချစ်ဦးကို**

## သဘာဝအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်

**တံတားဦး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် ယာဉ်၊ လှေ၊ လိုအပ်သည့်ဆက်စပ်ပစ္စည်းများနှင့် တပ်ဖွဲ့ဝင်များ၊ အသင့်စုဖွဲ့ထား၍ ကြိုတင်လေ့ကျင့်ပြင်ဆင်စုဖွဲ့မှုများကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနတွင် ပြုလုပ်ခဲ့သည်။



အဆိုပါ ကြိုတင်လေ့ကျင့်ပြင်ဆင်စုဖွဲ့ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲလင်းကို ဦးဆောင်၍ မြို့နယ်မီးသတ်သန္နေဝန်ထမ်းများဖြင့် ကြိုတင်လေ့ကျင့်ပြင်ဆင်မှုများဆောင်ရွက်ထားသည်။ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးအမျိုးအစားအလိုက် တပ်စုအဖွဲ့များဖြင့် စုပေါင်းလေ့ကျင့်ခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အသိပညာပေးလုပ်ငန်းများ၊ နှိုးဆော်ရေးလုပ်ငန်းများ အမြဲဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ပြည်သူလူထု၏ အသက်အိုးအိမ်များကို အမြန်ဆုံးကူညီကယ်တင် ဆောင်ရွက်နိုင်ရေးအတွက် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များကိုလည်း အသင့်ထားရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၀၉)




## စက်တင်ဘာလအတွက် ပရီးမီးယားလိဂ်အကောင်းဆုံး နည်းပြဆုကို ဟာဇယ်လာ ဆွတ်ခူး



**လန်ဒန် အောက်တိုဘာ ၄**

ပရီးမီးယားလိဂ်မှ လစဉ် လတိုင်း ပေးအပ်ချီးမြှင့်လျက်ရှိသည့် စက်တင်ဘာလအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုကို ဘရိုက်တန်အသင်းနည်းပြ ဟာဇယ်လာက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါနည်းပြသည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ဘရိုက်တန်အသင်းကို ပရီးမီးယားလိဂ်ပွဲစဉ် သုံးပွဲကိုင်တွယ်ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

နည်းပြ ဟာဇယ်လာသည် ဘရိုက်တန်အသင်းကို ၂၀၂၄ခုနှစ်၊ ဇွန် ၁၅ ရက်က ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၇၆ ပွဲတွင် ၄၃ ပွဲနိုင်၊ ၂၇ ပွဲ သရေ၊ ၂၆ ပွဲ ရှုံးရလဒ် ပိုင်ဆိုင်ခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဟာဇယ်လာက "ကျွန်တော် အခုလို တစ်လတာ အကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေ အပြင် အသင်းနဲ့အတူ အောင်မြင်မှုတွေ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

## ယူအီးအက်ဖ်အေနေးရှင်းလိဂ်သမိုင်းတွင် ခြောက်ပွဲဆက်ဂိုးသွင်းနိုင်သည့် ကစားသမားအဖြစ် ဗစ်တာဂျိုကာရက်စ် မှတ်တမ်းဝင်

**လန်ဒန် အောက်တိုဘာ ၄**

ဆွီဒင်အသင်းတိုက်စစ်မှူး ဗစ်တာဂျိုကာရက်စ်သည် ယူအီးအက်ဖ်အေနေးရှင်းလိဂ်သမိုင်းတွင် ခြောက်ပွဲဆက် ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ဆွီဒင်အသင်းက ဘော့စနီးယားအသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ဂိုးသွင်းယူခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗစ်တာဂျိုကာရက်စ်သည် ဆွီဒင်အသင်းနှင့်အတူ ၂၀၁၉မှ ၂၀၂၆ခုနှစ်အထိ ပြိုင်ပွဲပေါင်း ပွဲ ၄၀ ကစားကာ ၂၄ဂိုး သွင်းယူထားသည်။ **(အောက်ပုံ)**

ထို့ကြောင့် ဗစ်တာဂျိုကာရက်စ်အနေဖြင့် နောက်လာမည့် ပွဲစဉ်များတွင်လည်း သွင်းဂိုးများ ဆက်လက်သွင်းယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## ဆွစ်ဇာလန်အသင်းက ဆလိုဗေးနီးယားအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ



**ဇူးရစ် အောက်တိုဘာ ၄**

ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဆွစ်ဇာလန်အသင်းနှင့် ဆလိုဗေးနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆွစ်ဇာလန်အသင်းက ဆလိုဗေးနီးယားအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆွစ်ဇာလန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၀မိနစ်တွင် ဂျန်ဇာ(OG)၊ ပွဲချိန် ၃၈ မိနစ်တွင် အန်ဒိုယီတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ဆွစ်ဇာလန်အသင်းသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၇ ရက်တွင် မြောက်မက်ဆီဒိုးနီးယားအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ယာပုံ) (NGB)**

## ချာကီကို ခေါ်ယူရန် ဘာစီလိုနာအသင်း စိတ်ဝင်စား

**ဘာစီလိုနာ အောက်တိုဘာ ၄**

ဘာစီလိုနာအသင်းသည် မန်စီးတီးအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ချာကီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၄ ပွဲ ကစားပြီး ၁၅ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ချာကီကိုယ်တိုင်ကလည်း လက်ရှိအချိန် မန်စီးတီးအသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် မန်စီးတီးအသင်းထံမှ ချာကီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**




## ဒီဘရိုင်း ကစားသမားဘဝ သွင်းဂိုး ၂၀၀ ပြည့်မြောက်

**တူရင် အောက်တိုဘာ ၄**

ဘယ်လ်ဂျီယံလက်ရွေးစင်အသင်းနှင့် နာပိုလီအသင်း ကွင်းလယ်ကစားသမား ဒီဘရိုင်း ကစားသမားဘဝ သွင်းဂိုး ၂၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ဘယ်လ်ဂျီယံအသင်းက တူရကီအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဒီဘရိုင်းသည် ဘယ်လ်ဂျီယံလက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၆ ခုနှစ်အတွင်း ပြိုင်ပွဲ ၁၂ပွဲကစားပြီး လေးဂိုးအထိလည်း သွင်းယူထားသည်။ **(အောက်ပုံ) (NGB)**



### ဘောလုံးသတင်းအတိုအထွာများ

* နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ကင်မရွန်းအသင်းနှင့် အိုင်ဗရီကို့စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကင်မရွန်းအသင်းက အိုင်ဗရီကို့စ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

* အယ်လ်ရာမယ်လ်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော တောင်ပံကစားသမား မာရက်ဇ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။ **(NGB)**

### ယူအီးအက်ဖ်အေနေးရှင်းလိဂ် (အုပ်စုအဆင့်ပွဲစဉ်များ) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၅-၁၀-၂၀၂၆ ည ၁၀:၃၀ နာရီ | ဆိုက်ပရပ်စ် - လတ်ဗီးယား |
| ၆-၁၀-၂၀၂၆ နံနက် ၀၁:၁၅ နာရီ | ပြင်သစ် - ဘယ်လ်ဂျီယံ |
| ။ | အီတလီ - တူရကီ |
| ။ | မြောက်အိုင်ယာလန် - ဂျော်ဂျီယာ |
| ။ | ယူကရိန်း - ဟန်ဂေရီ |
| ။ | ဘော့စနီးယား - ပိုလန် |
| ။ | ရိုမေးနီးယား - ဆွီဒင် |
| ။ | မွန်တီနီဂရိုး - အာမေးနီးယား |

### နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၅-၁၀-၂၀၂၆ ညနေ ၄:၃၀ နာရီ | ယူဂန်ဒါ - ဒီအာကွန်ဂို |
| ၅-၁၀-၂၀၂၆ ညနေ ၅:၀၀ နာရီ | ဂျပန် - နယူးဇီလန် |
| ၅-၁၀-၂၀၂၆ ည ၉:၃၀ နာရီ | သီရိလင်္ကာ - မောရစ်ရှပ် |
| ၆-၁၀-၂၀၂၆ နံနက် ၀၁:၁၅ နာရီ | လက်ချင်စတိန်း - ဂျီဘရော်လ်တာ |

### ဗီဟာအာရှဖလား Division ဗိုလ်လုပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၅-၁၀-၂၀၂၆ ည ၇:၃၀ နာရီ | အင်ဒိုနီးရှား - ထိုင်း |

## ဖာရန်တောရက်စ် ခြေချင်းဝတ်ဒဏ်ရာကြောင့် စပိန်လက်ရွေးစင်အသင်းလူစာရင်းမှ နုတ်ထွက်

**မက်ဒရစ် အောက်တိုဘာ ၄**

စပိန်လက်ရွေးစင်အသင်း တိုက်စစ်မှူး ဖာရန်တောရက်စ် ခြေချင်းဝတ်ဒဏ်ရာကြောင့် အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ပြီဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် စပိန်အသင်းက ခရိုအေးရှားအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဖာရန်တောရက်စ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် စပိန်လက်ရွေးစင်အသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် ပီအက်စ်ဂျီအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။ **(ယာပုံ)**

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဖာရန်တောရက်စ်သည် စပိန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၀ မှ ၂၀၂၆ခုနှစ်အထိ နိုင်ငံတကာပွဲပေါင်း ၆၆ပွဲ ကစားကာ ၂၅ ဂိုးအထိ သွင်းယူပြီး ခြေစွမ်းပြထားသည်။ **(NGB)**



## 2026 Jingshan Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ အဆင့်သို့ Alexandra Shubladze တက်ရောက်



**ပေကျင်း အောက်တိုဘာ ၄**

တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Jingshan Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ရုရှားတင်းနစ်မယ် Alexandra Shubladze တက်ရောက်ခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ ရုရှားတင်းနစ်မယ် Alexandra Shubladze သည် 2026 Jingshan Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဩစတြေးလျတင်းနစ်မယ် Emerson Jones အား ၇-၅၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Jingshan Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ရုရှားတင်းနစ်မယ် Alexandra Shubladze နှင့် စပိန်တင်းနစ်မယ် Jessica Bouzas Maneiro တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

## ကျောက်ဆည်မြို့ ရွှေစေတီဘိုးဘွားရိပ်သာ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



**ကျောက်ဆည် အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့ ရွှေစေတီဘိုးဘွားရိပ်သာ၌ သန့်ရှင်းသာယာလှပရေး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းပေါင်းစုံ စုပေါင်း၍ အောက်တိုဘာ ၃ ရက် နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းလုပ်ငန်းများဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့် ကော်မတီဝင်များက အားပေးကြည့်ရှုခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ စုစုပေါင်းလူအင်အား ၂၃၃ ဦးဖြင့် ရွှေစေတီဘိုးဘွားရိပ်သာဝင်းအတွင်းရှိ အမှိုက်များ၊ ပေါင်းမြက်များ၊ သစ်ပင်၊သစ်ကိုင်းများ၊ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခဲ့ပြီး ထွက်ရှိလာသော အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျစွန့်ပစ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၅)

## မီးခိုးမြူငွေ့လျှော့ချရေးအသိပညာပေး Talk Show ကျင်းပ



**ပျော်ဘွယ် အောက်တိုဘာ ၄**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ပူးပေါင်းပြီး ပြည်သူများ သိရှိစေရန်ရည်ရွယ်ပြီး မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး Talk Show ကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီက မြို့နယ်ရုံးလူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက မီးခိုးမြူငွေ့ဖြစ်ပေါ်ရခြင်း အကြောင်းအရင်းများ၊ မီးခိုးမြူငွေ့ကြောင့် ကျန်းမာရေးထိခိုက်မှုမရှိစေရန်အတွက် မီးခိုးမြူငွေ့လျှော့ချရေး ဆောင်ရွက်ရမည့်နည်းလမ်းများကို မေးမြန်းဆွေးနွေးရာ မြို့နယ်သစ်တောဦးစီးမှူး ဦးအောင်ခင်ဦးက မီးခိုးမြူငွေ့တွင် ပါဝင်သည့်ဓာတ်များသည် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်မှု၊ ရာသီဥတုပြောင်းလဲလာမှု၊ မီးခိုးမြူငွေ့တို့သည် တစ်နေရာမှအခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်းကြောင့် အိမ်နီးချင်းနိုင်ငံများပူးပေါင်း၍ မီးခိုးမြူငွေ့အန္တရာယ် ကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ မြို့နယ်အတွင်းရှိပြည်သူများအား အသိပညာပေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)

## တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးစီမံချက်နှင့်ပတ်သက်၍ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များဆွေးနွေး

**သာစည် အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးစီမံချက်နှင့်ပတ်သက်၍ လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ ဆွေးနွေးပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဦးက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်မြင့်နိုင်က ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရခြင်းရည်ရွယ်ချက်များ၊ စာရင်းကောက်ယူရမည့်ပုံစံအချက်အလက်များနှင့် လုပ်ငန်းစဉ်များ၊ ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး လုပ်ငန်းလက်စွဲစာအုပ်ပါအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။



အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တိရစ္ဆာန်ကျန်းမာရေး လုပ်သားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၇)

**ရေနုတ်မြောင်းသည် အမှိုက်စွန့်ပစ်ရန်နေရာ မဟုတ်ပါ။**

## မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ သက်ဆိုင်သူများကိုသာ ဝင်ရောက်ခွင့်ပြုမည်

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ စာချုပ်စာတမ်းများမှတ်ပုံတင်ပေးခြင်းလုပ်ငန်းများကို အောက်တိုဘာ ၅ရက်မှစတင်ပြီး အစိုးရရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီမှ စတင်ဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

စာချုပ်စာတမ်းမှတ်ပုံတင်ရုံးအတွင်းသို့ စာချုပ်စာတမ်းမှတ်ပုံတင်သွင်းခြင်းနှင့် သက်ဆိုင်သူများကိုသာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်သည်။ စာချုပ်စာတမ်းမှတ်ပုံတင်ရန် တင်သွင်းသူများသည် ဧည့်မှတ်တမ်းတွင် စာရင်းရေးသွင်းပြီးမှ ရုံးဝင်းအတွင်းသို့ ဝင်ရောက်နိုင်မည်ဖြစ်သည်။ ဧည့်မှတ်တမ်းတွင် စာရင်းရေးသွင်းပြီးသူများသည် မိမိအလှည့်ကျရောက်မှသာ ရုံးဝင်းအတွင်းသို့ ဝင်ရောက်ခွင့်ရှိမည်ဖြစ်ပြီး မှတ်ပုံတင်ပေးရန်တင်ပြသည့် စာချုပ်စာတမ်း လျှောက်ထားမှုအား လက်ခံခြင်း၊ စာရင်းရေးသွင်းခြင်းနှင့် ပဏာမစိစစ်ခြင်းတို့ကို ဧည့်မှတ်တမ်းတွင် စာရင်းရေးသွင်းထားသည့် အမှတ်စဉ်အတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။

မှတ်ပုံတင်ပေးရန်တင်ပြသည့် စာချုပ်စာတမ်းများနှင့်အတူ ပါရှိရမည့် အထောက်အထားများ ပြည့်စုံပါက ကနဦးစစ်ဆေးခြင်း၊ ထပ်ဆင့်စစ်ဆေးခြင်း၊ အတည်ပြုစစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်သည်။ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသည် စာချုပ်စာတမ်းမှတ်ပုံတင်ခနှင့် အခြားပေးဆောင်သည့် အခကြေးငွေများကို မြန်မာ့စီးပွားရေးဘဏ်သို့ မွန်းလွဲ ၂နာရီ ပေးသွင်းရသဖြင့် စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးရန် တင်သွင်းသည့် လျှောက်လွှာများကို နေ့စဉ် မွန်းတည့် ၁၂ နာရီအထိသာ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးက အသိပေးပန်ကြားထားကြောင်း သိရသည်။

(၀၄၅)

၀-၀-၀-၀-၀-၀

## ချက်ကြမယ်၊ စားကြမယ် ကမ္ဘာ



### နို့စိမ်းခေါက်ဆွဲ

ကြက်သား ငါးဆယ်သားကို အတုံးလေးတွေတုံးပါ။ ကြက်သားမှုန့်၊ ဆား၊ နနွင်းမှုန့်နဲ့ ငံပြာရည်ထည့်ပြီး နှံ့အောင်နယ်၍ နာရီဝက်ခန့်နှပ်ထားပါ။ ကြက်သွန်ဖြူဥကြီး သုံးဥနဲ့ ကြက်သွန်နီအကြီး ငါးလုံးကို အခွံခွာပြီး ရေဆေးထားပါ။ ပြီးရင် ကြက်သွန်ဖြူနဲ့ ကြက်သွန်နီကို ဟင်းချက်ငရုတ်သီးနဲ့ရောပြီး ကြိတ်စက် (သို့မဟုတ်) ငရုတ်ဆုံနဲ့ထောင်းပါ။ ငရုတ်အနှစ်ရရင် အိုးထဲကို ဆီထည့်ပါ။ ဆီပူလာရင် ငရုတ်အနှစ်ထည့်ပြီး ဆီသတ်ပါ။ ပြီးရင် ကြက်သားထည့်၍ မွှေကာ ငါးမိနစ်ခန့် အဖုံးအုပ်ထားပါ။ ထို့နောက် အဖုံးဖွင့်ပြီး ကြက်သားနူးသွားအောင် ရေအနည်းငယ်ထည့်ပါ။ ရေခန်းပြီး ဆီပြန်သည်အထိ တည်ထားပါ။ ပြီးလျှင် မီးဖိုပေါ်မှ ချထားပါ။

နို့စိမ်းခေါက်ဆွဲဟင်းရည်ထဲမှာ ထည့်ချက်ဖို့ မြေပဲဆန်အစိမ်း ၁၀ သားကို ရေနွေးပူပူနဲ့ နာရီဝက်လောက် စိမ်ထားပါ။ ထို့နောက် မြေပဲအခွံတွေကို တစ်စိချင်းခွာပြီး ကြိတ်စက်နဲ့ကြိတ်ပါ။ နို့စိမ်းခေါက်ဆွဲဟင်းရည်လုပ်ဖို့ ကြက်ရိုးပြုတ်ရည်သုံးပါမယ်။ ကြက်ရိုးပြုတ်ရည်လုပ်ဖို့အတွက် ကြက်ရိုးတွေကို ရေဆေးပြီး ဆား၊ ရှာလကာရည်တို့နဲ့ နှစ်ရေ၊ သုံးရေလောက်ဆေးပါ။ ပြီးရင် နနွင်းမှုန့်၊ ငံပြာရည်တို့နဲ့နယ်ပြီး ရေထည့်ပြီး ပြုတ်ပါ။ ဘဲဥ ၁၀ လုံးပြုတ်ပါ။ ပြုတ်ပြီး အခွံခွာကာ အစိပ်လေးများ စိပ်ထားပါ။ ဘဲသွေးကို မိနစ် ၂၀ ခန့် ပြုတ်ကာ ရေပြန်ဆေးပြီး နှစ်ခြမ်းခြမ်းထားပါ။ ပြီးရင် ကြက်သွန်နီ ၁၅ လုံးကို အခွံခွာပြီး ရေဆေးပြီး နှစ်ခြမ်းခြမ်းပါ။ ဟင်းရည်ချက်ဖို့ "မွှေး"ပဲစိမ်းမှုန့်တစ်ထုပ်ကို နနွင်းအနည်းငယ်ထည့်ပြီး ရေနဲ့ဖျော်ပါ။ ပြီးလျှင် ကြိတ်ထားတဲ့ မြေပဲဆန်အစိမ်းတွေကိုထည့်ပြီး ကြေညက်အောင်ချေပါ။ ထို့နောက် ကြက်ရိုးပြုတ်ရည်ကို ဆူလာအောင် တည်ပါ။ ဆူလာရင် ပဲစိမ်းမှုန့်နဲ့ မြေပဲဆန်ဖျော်ထားတဲ့အရည်ကိုထည့်ပါ။ ပဲစိမ်းမှုန့်အနံ့ပျောက်တဲ့အထိ မွှေပေးပါ။ ထို့နောက် ငံပြာရည်ဟင်းခတ်ဇွန်း သုံးဇွန်းထည့်ပြီး ပျစ်လာအောင် မွှေပေးပါ။ နာရီဝက်လောက်ကြာရင် ဆီသတ်ထားတဲ့ ကြက်သားနဲ့ ကြက်ရိုးပြုတ်ရည်ထဲက ဖယ်ထားတဲ့ ကြက်ရိုးတွေကို ထည့်ပြီး မွှေပါ။ ပြီးရင် ရေနွေးထည့်ပါ။ ဟင်းရည်အပျစ်၊ အကျဲပေါ်မူတည်ပြီး ထည့်ရပါမယ်။ သကြားဟင်းခတ်ဇွန်း တစ်ဇွန်းထည့်ပြီး ဟင်းရည်ဆူပွက်လာတဲ့အထိ မွှေပေးပါ။ အပေါ့၊ အငန်မြည်းကြည့်ပြီး လိုတဲ့အရသာပြင်ပါ။ နို့စိမ်းဘူး နှစ်ဘူးထည့်ပြီး နှံ့အောင်မွှေပေးပါ။ ထို့နောက် ဘဲသွေး၊ ဘဲဥစိပ်ထားတာနဲ့ ကြက်သွန်နီခြမ်းထားတာတွေကို ထည့်ပါ။ ငါးမိနစ်ခန့်ထားပြီး မီးဖိုပေါ်မှချပါ။ ဒါဆိုရင် နို့စိမ်းခေါက်ဆွဲဟင်းရည်ရပါပြီ။

နောက်ဆုံးအဆင့်ကတော့ ခေါက်ဆွဲကို ပြုတ်ပြီး ဆန်ခါထဲထည့်ကာ အပေါ်မှ ရေလောင်းပေးပါ။ ရေစစ်သွားရင် ပဲဆီနဲ့ နယ်ပါ။ ကြက်သွန်နီကို ပါးပါးလှီး၊ သံပရာသီးကို အစိပ်လေးတွေစိပ်၊ နံနံပင်ကို ပါးပါးလှီးပါ။ ပဲကပ်ကြော်လေးဝယ်လိုက်ပါ။ ဒါဆိုရင်တော့ ဟင်းရည်နဲ့ တွဲဖက်ပြီး အရသာရှိရှိ စားသုံးလို့ရပါပြီ။

AMM



## ရွှေနန်းတော်အားကစားအဖွဲ့က စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး အောက်တိုဘာ ၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ကဦးစီး၍ မန္တလေးမြို့၊ ရွှေနန်းတော်အားကစားအဖွဲ့က (၁၃)ကြိမ်မြောက် ၊ ဒသမပတ်၊ စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၆ နာရီက ကျင်းပခဲ့သည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် အနောက်ထီးလင်းတိုက်မှ သံဃာတော်အပါး ၁၀၀ နှင့် ဝွေးချိုကျောင်းတိုက်မှ သံဃာတော်အပါး ၁၀၀၊ စုစုပေါင်း အပါး ၂၀၀တို့ကို ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ တာဝန်ရှိသူများနှင့် မန္တလေးမြို့ ရွှေနန်းတော်အားကစားအဖွဲ့က ဆွမ်း၊ ဆွမ်းဟင်း၊ အရန်ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြကြောင်းသိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်–၆)

၀-၀-၀-၀-၀

## ပန်းချီကျော်နိုင်၏ စိတ်ကူးအပေါင်းများ တစ်ကိုယ်တော်ပန်းချီပြပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၄**

Cubism ပန်းချီပုံစံကို အားသန်ပြီး ပန်းချီကားတစ်ကားရေးဆွဲရန် လပေါင်းများစွာ အချိန်ယူလေ့ရှိသည့် ပန်းချီကျော်နိုင်၏ 'စိတ်ကူးအပေါင်းများ' တစ်ကိုယ်တော်ပန်းချီပြပွဲကို မန္တလေးမြို့တွင် အောက်တိုဘာ ၃ ရက်မှ ၅ ရက်အထိ ပြသလျက်ရှိသည်။

ပန်းချီကျော်နိုင်သည် ပန်းချီကားများကို အရောင်၊ အလင်းအမှောင်နှင့် အသေးစိတ်အချက်များကို သေချာတွက်ချက်ရေးဆွဲလေ့ရှိပြီး ၄င်း၏ခံစားချက်နှင့် ဝေဒနာများကို ပန်းချီကားများအတွင်း ထည့်သွင်းဖော်ပြလေ့ရှိသည့် ပန်းချီဆရာတစ်ဦးဖြစ်သည်။

ယခု 'စိတ်ကူးအပေါင်းများ' ပြပွဲတွင် ပန်းချီဆရာ၏ အတွေးပေါင်းများအတွင်းမှ ဒဏ်ရာ၊ ဝေဒနာ၊ မျှော်လင့်ခြင်းနှင့် လွမ်းဆွတ်ခြင်းများကို မင်းကွန်းဒေသတစ်ဝိုက်၏ နောက်ခံအကြောင်းအရာများဖြင့် စီးရီးလိုက် ဖန်တီးတင်ဆက်ပြသထားသည်။

ပြပွဲကို အောက်တိုဘာ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ မန္တလေးမြို့ တံခွန်တိုင်အဝိုင်းအနီး Garden City Apartment အတွင်းရှိ သီရိ ပစ္စယာအနုပညာပြခန်း၌ ပြသလျက်ရှိပြီး ပန်းချီကား ၁၉ ကားမှာ မင်းကွန်းဒေသကို အဓိကထားအခြေပြုရေးဆွဲထားသည့် ပန်းချီကားများဖြစ်ကြောင်း ပန်းချီကျော်နိုင်က ပြောသည်။

(အောက်ပုံ) ရွှေမန်း





## ရွှေကြက်ယက် ရွှေကြက်ကျ ဘုရားပွဲတွင် ရိုးရာငှက်လှေ လှေဦးတိုက်ပွဲကျင်းပ၊ အထူးစည်ကားလျက်ရှိ

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စုရှိ သမိုင်းဝင် ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရားပွဲတော်တွင် ရိုးရာဓလေ့အတိုင်း ငှက်လှေများဖြင့် လှေဦးတိုက်ပွဲနှင့် ရေစာ၊ ဝဲစာကျွေးပွဲများကို အောက်တိုဘာ ၄ ရက်တွင် ကျင်းပပြီး ယခုနှစ်တွင် ဘုရားပွဲတော်ကို အောက်တိုဘာ ၅ ရက်အထိ သုံးရက်တိုင် ကျင်းပခြင်းဖြစ်ကြောင်း ဂေါပကအဖွဲ့က ပြောသည်။

နှစ်စဉ် လှေဦးတိုက်ပွဲကို နှစ်စဉ် တော်သလင်းလပြည့်ကျော် ၇ ရက်နှင့် ၈ ရက်တွင် ကျင်းပလေ့ရှိပြီး ယခုနှစ်တွင် တစ်ရက်တိုးကျင်းပရာ ရွှေကြက်ယက်တိုက်နယ်အတွင်းရှိ ကျေးရွာများက ကျေးရွာကိုယ်စားပြု ငှက်လှေများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

ငှက်လှေများ ရှားပါးလာသည့်အတွက် ယခင်နှစ်များတွင် ပြိုင်ပွဲမကျင်းပနိုင်သည့်နှစ်များရှိခဲ့သလို အကျဉ်းချုံးကျင်းပခဲ့ရသည့် နှစ်များလည်းရှိခဲ့သည်။

ယခုနှစ်တွင် ရွှေကြက်ယက်တိုက်နယ်အတွင်းရှိ ကျေးရွာများနှင့် အသင်းများထဲမှ ကျေးရွာ ၁၅ ရွာ၊ အသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဘုရားပွဲတွင် နေ့ရိုးရာခြင်းပွဲများနှင့် ညပိုင်းတွင် ဇာတ်သဘင်ဖျော်ဖြေမှုများလည်း ထည့်သွင်းကျင်းပရာ ဒေသခံကျေးရွာများမှ လှေပြိုင်ပွဲအားပေးသူများနှင့် ဆွမ်းတော်ကပ် ပျိုဖြူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ (အပေါ်ဝဲပုံ) ရွှေမန်း

## ယခင် ပြည်ပ ၁၀ နိုင်ငံသို့ တင်ပို့ခဲ့သည့် မြန်မာ့ပြောင်းဆန် လက်ရှိ သုံးနိုင်ငံသာ တင်ပို့နေရ

**မန္တလေး အောက်တိုဘာ ၄**

ယခင်က မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပြောင်းဆန်များကို ပြည်ပနိုင်ငံ ၁၀ နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ခဲ့သော်လည်း လက်ရှိတွင် ပြည်ပ သုံးနိုင်ငံသို့သာ တင်ပို့နေရကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းထံမှ သိရသည်။

လက်ရှိတွင် ထိုင်းနိုင်ငံဈေးကွက်ကို အဓိကမှီခိုနေရပြီး ပြောင်းဆန်ဝယ်လိုအားကောင်းသည့် ဈေးကွက်များ ရရှိလာစေရန်အသင်းအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးအေးချမ်းအောင်က ပြောသည်။

ယခင်နှစ်များတွင် ပြောင်းဆန်တန်ချိန် သုံးသန်းကျော် ထွက်ရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြောင်းစိုက်ပျိုးထုတ်လုပ်မှု လျော့ကျလာသဖြင့် လက်ရှိတွင် တန်ချိန် ၂ ဒသမ ၅ သန်းကျော်သာ ထွက်ရှိနေသည်။



၂၀၂၆ ခုနှစ် ပြောင်းစိုက်ရာသီတွင် အထွက်နှုန်းတိုးမြှင့်နိုင်ရေး စိုက်ပျိုးလျက်ရှိပြီး ပြောင်းအဓိကစိုက်ပျိုးသည့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စိုက်ဧကများ ပိုမိုတိုးမြှင့်နိုင်ရန် လိုအပ်ကြောင်း ၄င်းက ပြောသည်။

ယခင်က ပြောင်းဆန်တန်ချိန် ၃ သန်းခန့် ထွက်ရှိချိန်တွင် ပြည်တွင်းသုံးစွဲမှု တန်ချိန် တစ်သန်းခန့်ရှိပြီး ပြည်ပသို့ တန်ချိန် နှစ်သန်းခန့် တင်ပို့ခဲ့သည်။

ပြောင်းဆန်သည် ပြည်တွင်း မွေးမြူရေးကဏ္ဍနှင့် အစာစက်ရုံများအတွက် အရေးပါသည့် ကုန်ကြမ်းဖြစ်သဖြင့် ပြောင်းကဏ္ဍတစ်ရပ်လုံး ပိုမိုခိုင်မာလာစေရန် ဆောင်ရွက်ရန် လိုအပ်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်–၆)

၀-၀-၀-၀-၀

## မြို့နယ်များအတွင်း သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးမြို့တော်အား မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်များ၊ ဌာနဆိုင်ရာအဆောက်အအုံများ ပတ်ဝန်းကျင်နှင့် ဘုရားများတွင် စနေနေ့များ၌ အပတ်စဉ်အင်တိုက်အားတိုက် စုပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်အတွင်းရှိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး၊ ခြင်ဆေးဖျန်းခြင်းနှင့် လမ်းဝဲ၊ ယာရှိ အရိပ်ရပင်များအား အလင်းဖွင့်ဆောင်ရွက်ခြင်းများကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ် ကျောက်တော်ကြီးဘုရား ပရိဝုဏ်အတွင်း သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ခြင်းများကိုလည်းကောင်း၊ အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်ကွက်၊ တောင်မင်းကြီးဘုရားအတွင်း၌လည်းကောင်း သက်ဆိုင်ရာဌာနဆိုင်ရာများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ သန့်ရှင်းရေးဝန်ထမ်းများနှင့် အမှိုက်သယ်ယာဉ်များ၊ မြို့တော်နေပြည်သူများပူးပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြရာ သက်ဆိုင်ရာ ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး သန့်ရှင်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနအနေဖြင့်လည်း မြို့နယ်၊ ရပ်ကွက်၊ လမ်းမကြီး ဝဲ၊ ယာတို့တွင် သန့်ရှင်းရေးဝန်ထမ်းများနှင့်အတူ အမှိုက်သယ်ယာဉ်များဖြင့် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်းနှင့် ရပ်ကွက်များအတွင်း၌ အပိုင်းလိုက် ခြင်ဆေးဖျန်းဆောင်ရွက်ခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ) (မန္တလေးနေ့စဉ်– ၅)






## စာပေပန်းခင်းနှင့် စိတ်ဓာတ်ခွန်အား Talk Show ကျင်းပ

**မန္တလေး အောက်တိုဘာ ၄**

လူငယ်များအနေဖြင့်စာဖတ်ခြင်းမှ တစ်ဆင့် အသိပညာ ဗဟုသုတများတိုးပွားလာစေရန် စာပေဖတ်ရှုသည့် အလေ့အထများရရှိလာစေရန် ရည်ရွယ်၍ အောင်မြေသာစံမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ စာပေပန်းခင်းနှင့် စိတ်ဓာတ်ခွန်အား အသိပညာပေး Talk Show ကို ယမန်နေ့ နံနက်ပိုင်းက ၈၆လမ်း၊ ၂၁လမ်းနှင့်၂၂လမ်းကြားရှိ အဆိုပါပြန်/ဆက်ရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဒေါ်စံပယ်က အသိပညာပေး အစီအစဉ်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအောင်မင်းဦး(မင်းမင်း-မန္တလေး)က စာအုပ်စာပေလူ့မိတ်ဆွေ ဆိုသည့်အတိုင်း စာကောင်းပေကောင်းတို့သည် မိတ်ဆွေကောင်းသဖွယ်ကူညီတတ်ပြီး အသိလိမ္မာ ကိန်းဝပ်နေသော စာပေသည် စိတ်ဓာတ်ခွန်အားတို့ကို ရရှိစေမည်ဖြစ်ကြောင်း အကျယ်တဝင့်ပြောကြားခဲ့ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်–၆)

# ပညာပါရမီဖြင့် လောကကို အလှဆင်ခဲ့သူ

မြောက်ပြင်တော်က
ကိုရွှေမော်



**ဆရာပြ၍ လှခဲ့ကြပြီ။**
**ဆရာသင်၍ ယဉ်ခဲ့ကြပြီ။**
**ဆရာပြော၍ ချောခဲ့ကြပြီ။**
**တွေးကြည့်လေတိုင်း ရင်ဝယ်လှိုင်းထ**
**နှိုင်းမရသည့် ဆရာ့ကျေးဇူး**
**ဂုဏ်အထူးသည် .....**
**ဦးတိုက်မဝနိုင်ပါတကား .....။**

ဤစာစုလေးသည် မြန်မာစာဆရာကြီး ဂုဏ်ထူးဦးသိန်းနိုင်၏ အနှစ်(၉၀)ပြည့်မွေးနေ့ အမှတ်တရစာစောင်မှ ထုတ်နုတ်ဖော်ပြရခြင်း ဖြစ်ပါသည်။ 'ဆရာ့ကျေးဇူး'ဟု ခေါင်းစဉ်ပေးထားသည့် အဆိုပါစာစုလေးကို ဖတ်မိလေတိုင်း ကျွန်တော်သည် ဆရာများ၏ ကျေးဇူးတရားကို အမြဲလိုလို အောက်မေ့သတိရမိသည်။

အကြောင်းတိုက်ဆိုင်လာသဖြင့် ကျွန်တော်ငယ်စဉ်က ပညာသင်ပေးခဲ့ရသည့် ဆရာတစ်ဦးအကြောင်းကို 'ဖောက်သည်' ချချင်ပါသေးသည်။ ကျွန်တော်သည် အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ယူခဲ့ရသည်။ အဆိုပါကျောင်းလေးသည် မန္တလေးကျုံးတော်မြို့ရိုးကြီး၏ မြောက်ဘက်၌ တည်ရှိပါသည်။ ထိုစဉ်က ကျောင်းကလေး၏ အနေအထားမှာ မန္တလေးတစ်မြို့လုံးရှိ ကျောင်းများနှင့် နှိုင်းစာလျှင် မည်သို့မျှ မပြောပလောက်ပေ။

သို့သော် ကျွန်တော်တို့ကို စာသင်ပေးခဲ့ကြသည့် ဆရာ၊ ဆရာမများ၏ စကားနှင့် ပြောရလျှင် ကျွန်တော်တို့၏ ကျောင်းလေးသည် 'အနေစုတ်သော်လည်း ရွှေထုပ်သည့် မြပဝါ' ဟု ဆိုနိုင်ပါပေသည်။ မှန်ပါသည်။ ဤကျောင်းလေးမှ မွေးထုတ်ပေးလိုက်သော ပညာရှိ၊ ပညာတတ်၊ ဆရာဝန်၊ အင်ဂျင်နီယာနှင့် အခြားအခြားသော အရာရှိ၊ အရာငယ် အသွယ်သွယ်တို့သည်လည်း ရေတွက်၍ပင် မရနိုင်တော့ပေ။ ဒုနဲ့ဒေး များပြားလှပေသည်။

'၁၉၈၀' ပြည့်နှစ်ခန့်က ဖြစ်သည်။ ကျွန်တော်သည် အဆိုပါကျောင်း၌ ရှစ်တန်းကျောင်းသားဘဝသို့ ရောက်ရှိလာခဲ့ပေပြီ။ ထိုစဉ်က သင်္ချာဘာသာရပ်ကို သင်ကြားပေးသူမှာ ဆရာ'ဦးညိုခင်' ဖြစ်ပါသည်။ ဆရာ၏ ပုံပန်းသဏ္ဌာန်မှာ အရပ်က မနိမ့်မမြင့်။ အသားလတ်သူဖြစ်ပြီး အနည်းငယ် ဝ၏။ ကျောင်းသို့လာလျှင် အဝတ်အစားကို ကျကျနန ဝတ်စားလာလေ့ရှိ၏။ အင်္ကျီလက်ကို အသာအယာ ခေါက်ပြီးမှ စိတ်နှစ်ကာ စာသင်ပေးလေ့ရှိ၏။ တပည့်များနှင့်လည်း ရောရောနှောနှော နေလေ့မရှိ။ ကျောင်းစာမှလွဲ၍ အပိုစကားမပြော။ ဆရာက သင်ကြားမှုကိုပဲ တစိုက်မတ်မတ် အာရုံထားလေ့ရှိပါသည်။

ဆရာသည် စာသင်ရန် စာသင်ခန်းထဲသို့ ဝင်လာလျှင် လက်ထဲ၌ မြေဖြူခဲများနှင့် "Duster"ပဲ ပါလာခဲ့သည်။ အခြားသော အကိုးအကား စာအုပ်များလည်း ပါမလာခဲ့။ ဆရာက သူသင်ပေးရမည့် သင်္ချာဘာသာရပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ သင်ပေးလေ့ရှိ၏။ ကြည့်ရသည်မှာ ဆရာသည် စာမသင်ခင်က အိမ်ကနေကြိုတင်ပြင်ဆင်ခဲ့ဟန်တူ၏။

ထို့အပြင် ဆရာသည် အတန်းကို ငြိမ်အောင် ထိန်းနိုင်စွမ်းရှိ၏။ တပည့်များကိုလည်း သင်္ချာပညာကို တတ်စေချင်၏။ ဆရာ၏ ကျွမ်းကျင်သည့် အတတ်ပညာကြောင့် ကျွန်တော်တို့တပည့်တွေသည်လည်း သင်္ချာပညာကို စိတ်ဝင်စားလာကြသည်။

ထိုစဉ်က ကျွန်တော်တို့ ရှစ်တန်းသည် 'မြို့နယ်စစ် စာမေးပွဲ'ဖြစ်၏။ ထိုအခါ ကျွန်တော်တို့တတွေသည် ကျောင်းပညာနှင့်ပတ်သက်၍ ပေါ့ဆ၍မရ။ ပို၍ ကြိုးစားရ၏။ ဆရာကလည်း ကျွန်တော်တို့ကို ပို၍ ကြပ်မတ်ပါသည်။ သူကိုယ်တိုင်ကလည်း ဂရုတစိုက် သင်ပေးပါသည်။

ဆရာသည် စာမေးပွဲနီးလာသည်နှင့်အမျှ ကျွန်တော်တို့ကို နားရက်မပေး။ စနေ၊ တနင်္ဂနွေစသည့် ကျောင်းပိတ်ရက်များတွင် အချိန်ပိုခေါ်၍ သင်ပေးလေ့ရှိ၏။ အခကြေးငွေယူပြီး သင်ပေးခြင်းမျိုးမဟုတ်။ အခမဲ့သင်ကြားပေးခြင်းဖြစ်သည်။ အခြား ဆရာ၊ ဆရာမများကလည်း ကြိုးစားပမ်းစား သင်ကြားပေးကြပါသည်။ ထိုနှစ်က ကျွန်တော်တို့အားလုံးသည် စာမေးပွဲကို ဘာသာစုံဖြေဆိုနိုင်ခဲ့ကြသည်။ ဤသည်တို့ကြောင့်လည်း ရှစ်တန်းကျောင်းသူ၊ ကျောင်းသားအားလုံး တန်းလုံးကျွတ် စာမေးပွဲအောင်မြင်ခဲ့ကြ၏။ ကျောင်းသား၊ ကျောင်းသူတွေအတွက်တော့ ပျော်မဆုံးအောင် ဖြစ်နေကြတော့သည်။

သို့သော် တန်းလုံးကျွတ်ဟု ဆိုသော်လည်း ကျောင်းသားတစ်ဦးပဲ မအောင်ခဲ့ပေ။ ဤသည်တို့ကြောင့် ကြိုးစားပမ်းစားဖြင့် စာသင်ပေးခဲ့ကြသည့် ဆရာ၊ ဆရာမများက မချိတင်ကဲ ဖြစ်သွားခဲ့ကြသည်။ စာမေးပွဲကျခဲ့သည့် ကျောင်းသားကလည်း မကြိုးစား၍မဟုတ်။ ကြိုးစားပါသည်။ ဖြစ်ချင်တော့ သူတို့အိမ်က နွားမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြ၏။ စာမေးပွဲဖြေဆိုနေသည့် နောက်ဆုံးနေ့ရက်ရောက်မှ နွားတစ်ကောင်က ပျောက်ဆုံးသွားခြင်းဖြစ်သည်။ ဤတွင် ကျောင်းသားက စာမေးပွဲသွားမဖြေတော့ဘဲ နွားပျောက်ရှာပုံတော်ဖွင့်နေခြင်းကြောင့်ဟု ဆိုပါသည်။ ဖြစ်မှဖြစ်ရပလေတယ်ဟု သုံးသပ်မိပါသည်။

ဤသို့နှင့် ကျွန်တော်သည် ကိုးတန်းနှင့် ၁၀ တန်းသို့ ရောက်တော့လည်း ဆရာဦးညိုခင်နှင့် ပြန်ဆုံရပြန်သည်။ အဆိုပါ အတန်းတွေမှာလည်း ဆရာက 'သင်္ချာ'ဘာသာရပ်ကိုပဲ သင်ပေးခြင်းဖြစ်၏။

ဆရာကိုယ်တိုင်က သင်္ချာပညာရပ်ကို ထုံးလိုခြေ ရေလိုနှောက် နိုင်သူဖြစ်သောကြောင့် တပည့်ဖြစ်သူတွေအတွက်တော့ ပြောစရာမလို။ တပည့်ဖြစ်သူများသည် နှစ်စဉ်အလိုလို ၁၀ တန်းစာမေးပွဲအောင်စာရင်း၌ ဂုဏ်ထူးအလီလီ ထွက်ပေါ်လာခဲ့ပေ၏။ ဆရာသည် တပည့်တွေကို ဂုဏ်ထူးတွေ ထွက်လာအောင် သင်ပေးရုံမျှမက သင်္ချာပညာကို စိတ်ဝင်စားလာအောင်၊ ချစ်တတ်လာအောင် သင်ပေးခြင်းဖြစ်သည်။ '၁၉၈၃'ခုနှစ်တွင် ကျွန်တော်သည်လည်း ၁၀ တန်း စာမေးပွဲအောင်ခဲ့ပါသည်။ ဂုဏ်ထူးတော့ မပါခဲ့။ ကျွန်တော့်ကို သင်ပေးခဲ့ကြသည့် ဆရာ၊ ဆရာမတွေကိုတော့ ကျေးဇူးအထူးတင်မိပါသည်။

ဆရာဦးညိုခင်၏ ဇာတိမှာ မြင်းခြံခရိုင်၊ ဖက်ပင်အိုင်ကျေးရွာမှ ဖြစ်ပါသည်။ ဆရာသည် ၁၉၆၈ ခုနှစ်တွင် ၁၀ တန်း စာမေးပွဲအောင်မြင်ခဲ့ပြီး မန္တလေးတက္ကသိုလ်တွင် ဆက်လက်ပြီး ပညာဆည်းပူးခဲ့၏။ ဆရာတို့ခေတ်က တက္ကသိုလ်တွင် အဓိကမေဂျာဆိုတာ မရှိ။ ဘာသာစုံသင်ခဲ့ရသည်ဟု ဆို၏။

ထိုစဉ်က မန္တလေးတက္ကသိုလ် သင်္ချာဘာသာရပ်ကို (နောင်တစ်ချိန်တွင် ပါမောက္ခချုပ် ဖြစ်လာမည့်) ဆရာကြီး ဦးနက်က သင်ကြားပေးသည်ဟု ဆို၏။ ဤတွင် ဆရာဦးညိုခင်က ဆရာကြီး ဦးနက်၏ သင်ခန်းစာပို့ချမှု၊ အပြုအမူ၊ အပြောအဆို၊ နေပုံထိုင်ပုံတွေကို ကြည့်ပြီး အတုယူအားကျခဲ့ရသည်။ လေးစားခဲ့ရသည်။ ကြည်ညိုခဲ့ရသည်ဟု ဆိုပါသည်။

ဤသည်တို့ကြောင့် ဆရာဦးညိုခင်ကလည်း သူတက္ကသိုလ်မှ ကျောင်းပြီးသွားလျှင် 'သင်္ချာဆရာ'လုပ်မည်ဟု ရည်မှန်းချက်ထားခဲ့သည်ဟု ဆို၏။ ထို့နောက် ဆရာသည် ဘွဲ့ရရှိပြီးသည့်နောက် ကျောက်ဆည်မြို့ရှိ အမှတ်(၂)အထက်တန်းကျောင်းတွင် 'အထက်တန်းပြ'ဆရာအဖြစ် တန်းခန့်ခြင်းကို ခံရပါသည်။ ၁၉၇၀ ပြည့်နှစ်တွင် ဆရာသည် ကျောက်ဆည်မြို့ အ·ထ·က (၂)ကျောင်းမှ မန္တလေးမြို့ရှိ အမှတ်(၂၅)အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။ 'သင်္ချာဆရာ'ဖြစ်ချင်ခဲ့သည့် ဆရာသည် ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျခဲ့လေပြီ။ ထိုစဉ်က ကျွန်တော်တို့ အမှတ်(၂၅)အထက်တန်းကျောင်းလေးသည် တည်ဆောက်ဆဲကာလ ဖြစ်နေပေ၏။ ဤသည်တို့ကြောင့် ဆရာသည် ကျောင်းရန်ပုံငွေ ရှာကြံရေး၊ ကျောင်းပတ်ဝန်းကျင်လှပရေးတွေမှာလည်း ကျောင်းအုပ်ဆရာ ကြီးဦးဘောနှင့်အတူ ပါဝင်ဆောင်ရွက်ခဲ့ရသည်ဟု ဆိုပါသည်။

ထို့အပြင် ဆရာသည် ကျောင်းသား၊ ကျောင်းသူများ၏ အားကစားပြိုင်ပွဲများတွင် ဦးဆောင်ဦးရွက်ပြုခဲ့ရ၏။ ကျောင်းသား၊ ကျောင်းသူများ၏ ဒေသန္တရ ဗဟုသုတလေ့လာရေးများတွင်လည်း ပါဝင်ခဲ့ရ၏။ ကျောင်းသား၊ ကျောင်းသူများ၏ ခြေလျင်တောင်တက်အဖွဲ့တွင်လည်း အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါဆောင်ရွက်ခဲ့ရသည်ဟု ဆိုပါသည်။ ဆရာသည် ကျွန်တော်တို့၏ ကျောင်းတွင် အထက်တန်းပြဆရာအဖြစ် '၂၇'နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့၏။ ၁၉၉၇ ခုနှစ်တွင် သက်ပြည့်အငြိမ်းစားယူခဲ့ရသည်ဟု ဆိုပါသည်။

ဆရာသည် သူ့ဘဝတစ်လျှောက်လုံးတွင် အခကြေးငွေယူပြီး ကျူရှင်မပေးခဲ့။ ပညာရေးလောကတွင် လိပ်ပြာသန့်သန့်ဖြင့် ဖြတ်သန်းခဲ့ရခြင်းဖြစ်သည်။ မြို့နယ်စစ် အတန်းတင်စာမေးပွဲများတွင် သင်္ချာမေးခွန်းများကို ဆရာကပဲ အခါအားလျော်စွာ မေးခွန်းထုတ်ပေးရသည်ဟု ဆိုပါသည်။

သည့်နောက်ပိုင်း သက်ဆိုင်ရာပညာရေးဌာနမှ တာဝန်ရှိသူများက ဆရာကို ကျောင်းအုပ်ဆရာကြီးအဖြစ် ခန့်အပ်ရန် ကမ်းလှမ်းခဲ့သော်လည်း ဆရာက ငြင်းပယ်ခဲ့၏။ သင်ကြားရေးကိုပဲ နှစ်သက်သည်ဟု ဆို၏။ တစ်နည်းပြောရလျှင် စာသင်ပေးနေရခြင်းသည် 'ဆရာ့ဝါသနာ' ဟု ဆိုပါသည်။

အချုပ်ဆိုရလျှင် ပညာသင်ကြားခြင်းသည် ဆရာအတွက် ပညာပါရမီဖြည့်ဖက် ဖြစ်ခဲ့ရ၏။ ဆရာ၏ ဆန္ဒ၊ ဆရာ၏ ဘဝ၊ ဆရာ၏ ဒဿနတွေလည်း ဖြစ်ခဲ့ရ၏။ ယခုအခါမှာတော့ ဆရာသည် အသက် ၇၀ ကျော်ရှိပြီး မန္တလေးမြို့တွင် သူ့မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လျက်ရှိပါသည်။

မည်သို့ပင်ဆိုပါစေ ကျွန်တော် ကြည်ညိုလေးစားခဲ့ရသည့် ဆရာကြီးတစ်ယောက် အသက်ရာကျော် ရှည်ပါစေ။ သူ့မိသားစုနှင့်အတူ ကျန်းမာချမ်းသာစွာ နေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပေသည်။

**(အောက်တိုဘာ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုကြိုဆိုလျက်)**

**ဆရာသည် သူ့ဘဝတစ်လျှောက်လုံးတွင် အခကြေးငွေယူပြီး ကျူရှင်မပေးခဲ့။ ပညာရေးလောကတွင် လိပ်ပြာသန့်သန့်ဖြင့် ဖြတ်သန်းခဲ့ရခြင်းဖြစ်သည်။ မြို့နယ်စစ် အတန်းတင်စာမေးပွဲများတွင် သင်္ချာမေးခွန်းများကို ဆရာကပဲ အခါအားလျော်စွာ မေးခွန်းထုတ်ပေးရသည်ဟု ဆိုပါသည်။ သည့်နောက်ပိုင်း သက်ဆိုင်ရာပညာရေးဌာနမှ တာဝန်ရှိသူများက ဆရာကို ကျောင်းအုပ်ဆရာကြီးအဖြစ် ခန့်အပ်ရန် ကမ်းလှမ်းခဲ့သော်လည်း ဆရာက ငြင်းပယ်ခဲ့၏။ သင်ကြားရေးကိုပဲ နှစ်သက်သည်ဟု ဆို၏။ တစ်နည်းပြောရလျှင် စာသင်ပေးနေရခြင်းသည် 'ဆရာ့ဝါသနာ' ဟု ဆိုပါသည်။**

# စာအုပ်စင်ကဏ္ဍ

ဖော်ညွှန်းသီ



| | |
|---|---|
| စာအုပ်အမည် | - ပိုက်ဆံသုံးခြင်း အနုပညာ |
| စာရေးသူ | - လမင်းသောင်းထွန်း |
| ထုတ်ဝေသည့်စာပေတိုက် | - ဂျူတီစာပေ |
| တန်ဖိုး | - ၇၀၀၀ ကျပ် |
| စာမျက်နှာ | - ၂၂၀ မျက်နှာ |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ ငွေနှင့်လ (ပထမအကြိမ်) |

ဘဝအောင်မြင်ရေးလမ်းညွှန်စာအုပ်ဖြစ်သည်။ မူရင်းစာရေးဆရာ မော်ဂန်ဟောက်ဇဲလ်၏ The Art of Spending Money စာအုပ်ကို မြန်မာဆိုထားသောစာအုပ်ဖြစ်ပြီး ပိုက်ဆံအသုံးနှင့် အဖြုန်းကို ခွဲခြားနားလည်မည် ဖြစ်သည်။

ထို့ကြောင့် ဘဝအောင်မြင်ကြီးပွားချမ်းသာဖို့ ပိုက်ဆံသုံးခြင်းသည် အနုပညာဆန်ကာ ပိုက်ဆံကို တန်ဖိုးထားသုံးစွဲတတ်လာမည်မှာ အမှန်ဖြစ်သည်။ ဝင်ငွေ၊ ထွက်ငွေကို သတိထား သုံးစွဲတတ်မည့်ဘဝလမ်းညွှန်စာအုပ်ကောင်းဖြစ်ရာ လူတိုင်း လက်စွဲဖတ်ရှုသင့်သည်။

မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို (မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

---



| | |
|---|---|
| စာအုပ်အမည် | - ဝတ္ထုရေးနည်း။ ဇာတ်ကောင်မွေးနည်း |
| စာရေးသူ | - သော်တာဆွေ |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၁၃၀၀၀ ကျပ် |
| စာမျက်နှာ | - ၂၉၃ မျက်နှာ |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ ငွေနှင့်လ (စတုတ္ထအကြိမ်) |

ဆရာသော်တာဆွေ၏ စာရေးနည်း လမ်းညွှန်စာအုပ်ဖြစ်သည်။ ၂၀၀၁ ခုနှစ် လင်းဆက်စာပေ၏ တတိယအကြိမ်မှုအတိုင်း ပြန်လည်ရိုက်နှိပ်ထုတ်ဝေခြင်း ဖြစ်သည်။

စာရေးရန် စိတ်ကူးရှိသူများ၊ အထူးသဖြင့် ဝတ္ထုရေးလိုသူများ အနေဖြင့် မဖြစ်မနေ လက်စွဲဖတ်သင့်သည်။ ဝတ္ထုထဲတွင် ဖော်ပြမည့် ဇာတ်ကောင်စရိုက်၊ အမူအကျင့်များ၊ လှုပ်ရှားမှုများကို အတုယူလေ့လာပြီး ဖတ်ရှုကြည့်ပါက ဝတ္ထုရေးသည့်အတတ်ပညာအပြင် ဝတ္ထုထဲမှ ဇာတ်ကောင်၊ ဇာတ်ဆောင်များကို မွေးထုတ်နိုင်မည် ဖြစ်သည်။

စာအုပ်မျက်နှာဖုံးကို ပန်းချီဆရာ၊ ကာတွန်းဆရာ စောမင်းဝေ၏ လက်ရာဖြင့် သရုပ်ဖော်ထားသည်။ စာရေးသူ၏ စာဟန်အရေးသွက်သွက်ကို ဖတ်ရှုရမည်ဖြစ်ရာ မန္တလေးစာအုပ် အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို (မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## ဆရာ့ဂုဏ်ရည်

* ဆရာမြတ်တို့
အတတ်သင်ပေး
ပညာရေးမှာ ထူးချွန်ပါစေ…။

* ဆရာမြတ်တို့
လမ်းညွှန်လို့သာ
လမ်းသာဘဝ လှပစေ…။

* ဆရာမြတ်တို့
ဆုံးမလို့သာ
ကောင်းဖို့စိတ်ထား လိမ္မာသား ။

* ဆရာ့ဂုဏ်ရည်
စွမ်းအားသည်ကား
ဝေစည်ဘဝ ကောင်းစွာရ ၊
ပညာပြည့်ဝ နလုံးလှ
လောကအလှ ပြုနိုင်ကြ ။ ။

**တက္ကသိုလ်ရည်ရွှယ်**



## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော၊ နံရံကပ်စာစောင်များ ပြသ

**ရမည်းသင်း အောက်တိုဘာ ၄**

လူငယ်များ အသိပညာဗဟုသုတရရှိစေရန်နှင့် အသိအမြင်ကျယ်ဝစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် KTL ကိုယ်ပိုင်အထက်တန်းကျောင်းတို့ပူးပေါင်း၍ နယ်လှည့်အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

၎င်းနယ်လှည့်အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကျွမ်းကျင်(၃)(ရုပ်သံ) ဒေါ်အေးအေးမွန်က ကလေးအလုပ်သမားပပျောက်ရေးခေါင်းစဉ်ဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသော ကလေးသူငယ်များအား ရုပ်ပြစာအုပ်များ၊ နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(အောင်ပိုင်ဟိန်း)**








(၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ရထားရဲတပ်ဖွဲ့ခွဲရုံးတွင် ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်ပေးပို့သည့် သဝဏ်လွှာအား အမှတ်(၁)ရထားရဲတပ်ဖွဲ့ခွဲ(မန္တလေး)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်အောင်က ဖတ်ကြားစဉ်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## စာပေချစ်မြတ်နိုးသူများအသင်း Book Club အဖွဲ့ဝင်များဖြင့် စာဖတ်ဝိုင်း ပြုလုပ်

**ကလော အောက်တိုဘာ ၄**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အောက်တိုဘာ ၂ ရက် မွန်းလွဲ ၃ နာရီက စာပေချစ်မြတ်နိုးသူများအသင်း Book Club အဖွဲ့ဝင်များက စာရေးဆရာဖေမြင့် ရေးသားသည့် ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်းစာအုပ်ဖြင့် စာဖတ်ဝိုင်းပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခွန်အာကာထွန်းက စာဖတ်ဝိုင်းပြုလုပ်ရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကိုကိုကြီး(သက်မောင်ကလော)က ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်းခေါင်းစဉ်ဖြင့် Book Club အဖွဲ့ဝင် ဒေါ်ရီရီသန်းနှင့် ဦးမြတ်မိုးအောင်တို့က စာဖတ်ခြင်းကြောင့် ဘာအကျိုးထူးတွေ ခံစားရရှိနိုင်သလဲ ခေါင်းစဉ်တို့ဖြင့် ဖတ်ကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# လူမှုကူညီရေးအဖွဲ့၊ ဖွဲ့စည်းမှု (၈)နှစ်ပြည့် အဖွဲ့ဝင်များတွေ့ဆုံ၊ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ကျင်းပ



**မန္တလေး အောက်တိုဘာ ၄**

မန္တလေးအခြေစိုက်ဆောက်လုပ်ရေးဝန်ကြီးဌာန အငြိမ်းစားအင်ဂျင်နီယာများ၏ လူမှုကူညီရေးအဖွဲ့ ဖွဲ့စည်းမှု(၈)နှစ်ပြည့်နှင့် အဖွဲ့ဝင်များ လစဉ်တွေ့ဆုံခြင်း (၇၅)ကြိမ်မြောက် စိန်ရတုအထိမ်းအမှတ်ကို ယနေ့ နံနက်ပိုင်းက မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၆၄( A)လမ်း၊ ၄၃လမ်းနှင့် သိပ္ပံလမ်းကြားမင်း မဟာကဖေး ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အဖွဲ့နာယက ဦးရွှေဇင်(မန္တလေး တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး-ငြိမ်း)နှင့်အဖွဲ့၏ဒုတိယ ဥက္ကဋ္ဌ ဦးခင်မောင်ဆွေ(အင်ဂျင်နီယာချုပ်-ငြိမ်း)တို့က နှုတ်ခွန်းဆက်စကားနှင့် ဝမ်းမြောက်ပီတိစကားများပြောကြားပြီးနောက် တက်ရောက်လာကြသည့် အငြိမ်းစားအင်ဂျင်နီယာများက မိမိတို့ တာဝန်ထမ်းဆောင်စဉ် ကာလ အမှတ်တရများနှင့် လူမှုကူညီရေး အဖွဲ့၏ ဆောင်ရွက်ချက်များ အပေါ် ကျေးဇူးတင်စကားများ အသီးသီးပြောကြားခဲ့သည်။

ဆက်လက်၍ အဖွဲ့၏(၈) ကြိမ်မြောက် သီတင်းကျွတ်ကာ တွင် ဆောက်လုပ်ရေးအငြိမ်းစား (AE) အဆင့်နှင့် အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအား ဆန်နှင့်ဆီ ထောက်ပံ့ပေးလှူခြင်းအစီအစဉ်အတွက် အလှူရှင် ၄၆ ဦးက အလှူငွေများ တစ်ဦးချင်း ပေးအပ်လှူဒါန်းကြရာ အဖွဲ့နာယကကြီးများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက လက်ခံယူခဲ့ကြပြီး စုစုပေါင်း ငွေကျပ် ၂၆၅ သိန်း ရရှိခဲ့သည်။ ထို့နောက် အဖွဲ့အတွင်းရေးမှူး ဦးကျော်ထွန်း(AE ငြိမ်း) က အငြိမ်းစားအင်ဂျင်နီယာများ၏ လူမှုကူညီရေးအဖွဲ့နှစ်အလိုက် ဆောင်ရွက်ချက်များနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် စိန်ရတုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား နံနက်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးသည့် အလှူရှင်အဖွဲ့၏ ဥက္ကဋ္ဌ ဦးခင်မောင်တင့်(အင်ဂျင်နီယာမှူးကြီး-ငြိမ်း)က ဝမ်းသာပီတိစကားနှင့်အဖွဲ့၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များတွင် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းစကားများပြောကြားခဲ့သည်။ (အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၁)

* – * – * – * – * – *



# ဆရာတော်၊ သံဃာတော်သျှမြတ်များအား Biometric (UID)ကတ်များ ကွင်းဆင်းဆောင်ရွက်

**မြို့သစ် အောက်တိုဘာ ၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးတင်လှကြည် ဦးဆောင်မှုဖြင့် ဝန်ထမ်းများသည် ယမန်နေ့ နံနက်ပိုင်းက မြို့သစ်မြို့၊ မင်းရပ်ကွက်ရှိ သုခသမ္မဒါ လေသာကျောင်းတိုက်၌ မြို့နယ်အတွင်း ကျောင်းတိုက်အသီးသီး၌ ဝါဆိုဝါကပ်ပြုတော်မူသော ဆရာတော်၊ သံဃာတော်များအား Biometric(UID)ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆောင်ရွက်ပေးသည့်နေရာသို့ မြို့သစ်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးစိုးမင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟနေသွေးနှင့် အဖွဲ့ဝင်များမှ လာရောက်ကြည့်ရှုကာ UID ကောက်ယူပြီးစီးသည့်ကတ်များအား မြို့သစ်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာဇောတ(မဟာသဒ္ဓမ္မ ဇောတိကဓဇ)ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှင့် သံဃာတော်တို့အား ဆက်ကပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝင်းအိစွန်(ပြန်/ဆက်)

* – * – * – * – * – *

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပျော်ဘွယ် အောက်တိုဘာ ၄**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်ခြင်းမှရရှိလာသော အကျိုးကျေးဇူးများကို ကျောင်းသား၊ ကျောင်းသူများ သိရှိနားလည်လာစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီခွဲက အခြေခံပညာ မူလတန်းကျောင်း(မြို့မ)၌ ကျင်းပခဲ့သည်။ (အောက်ပုံ)

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိလာစေရန်၊ စာဖတ်ခြင်းမှတစ်ဆင့် အသိပညာနှင့် ဗဟုသုတများ တိုးပွားလာစေရန်၊ မိမိတို့၏ စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် လေ့လာသင်ယူနိုင်စွမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများအား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စာဖတ်ခြင်း၏အကျိုးကျေးဇူးများနှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ငယ်စဉ်ကတည်းက စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိအောင် ကြိုးပမ်းသင့်ကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေး သုတ၊ ရသ စာအုပ်၊ စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

အောင်ပိုင်ဟိန်း



# ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး အောက်တိုဘာ ၄**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ B.A)ဟောကြားချီးမြှင့်သော အနုမောဒနာတရားအား နာယူကြပြီး နှစ်ဖက်သောမိဘများအား အမျှထားပြီး မန္တလေးမြို့နေ ဦးသန်းလွင်+ဒေါ်သန်းသန်းဦးနှင့် သားသမီးမြေးတစ်စုတို့က ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၆၅သိန်းအား ဖြည့်စွက်လှူဒါန်းငွေကျပ် ၂၅သိန်း၊ စုစုပေါင်းငွေကျပ်သိန်း ၉၀ကို လှူဒါန်းရာ ရုံးအဖွဲ့ဝင် ဦးမြင့်ကိုက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် အဆိုပါအလှူရှင်မိသားစုများက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (အပေါ်ဝဲပုံ) PNT



မန္တလေး၊ ချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ရုံးသို့ အောက်တိုဘာ ၃ ရက်က မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ ဘက်စုံပြုပြင်ရန်အတွက် အလှူငွေကျပ် ၁၀သိန်းကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်စဉ်။ (ဝ၇ဝ)

# ဓာတ်ပေါင်းစုလူမှုကူညီရေးအသင်းသို့ အလှူငွေများ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်နေ နှစ်ဖက်သောမိဘများအား အမျှထား၍ ခင်ပွန်း ဦးအောင်သန်းဦးနှင့် (သားကြီး)ကိုပြည့်ဖြိုးအောင်တို့အား ရည်စူး၍ ဒေါ်တင်တင်ဝင်း(မိသားစု)မှ ဓာတ်ပေါင်းစုလူမှုကူညီရေးအသင်းသို့ အလှူငွေများ လှူဒါန်းခြင်းကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက ၁၂ လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားရှိအသင်းရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါ ဓာတ်ပေါင်းစုလူမှုကူညီရေးအသင်းသို့ ဒေါ်တင်တင်ဝင်း၊ (သား)ကိုဟိန်းသူ၊ (သမီး)ကိုဇေယျာအောင်+မခင်ယမင်းဆု (မိသားစု)မှ ငွေကျပ် ၆၅ သိန်းတန်ဖိုးရှိ Cool Box (အအေးခေါင်း)တစ်လုံး လှူဒါန်းရာ အသင်းဥက္ကဋ္ဌမှ လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(ဝ၅၇)





## အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ဇမ္ဗူသီရိ အောက်တိုဘာ ၄**

ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိပညာဗဟုသုတ ကြွယ်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုး တက်စေရန် လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေး နွေးတတ်စေရန် ရည်ရွယ်၍ ပြည် ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနနှင့် အခြေခံပညာဦးစီးဌာန တို့ ပူးပေါင်း၍ လူငယ်စကား ဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက် မွန်းလွဲပိုင်းက ဇမ္ဗူသီရိ မြို့နယ်၊ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၊ ပညာ ရတနာခန်းမတွင် ကျင်းပခဲ့ သည်။



ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၅)အခြေခံပညာအထက် တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မျိုးချစ် စိတ်ဓာတ် ရှင်သန်ထက်မြက်စေ သည့် ဇာတိမာန်သီချင်းဖြင့် သီ ဆိုဖျော်ဖြေကြပြီး ကျောင်းအုပ် ဆရာမကြီး ဒေါ်သက်သက်သင်း က အဖွင့်အမှာစကားပြောကြား ခဲ့သည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နီလာစိုးက ဦးဆောင်ဆွေး နွေးသူအဖြစ် ဆောင်ရွက်၍ လူ ငယ်စကားဝိုင်းကို ကျင်းပရာ အမှတ်(၅)အခြေခံပညာအထက် တန်းကျောင်းမှ (Grade-11) မောင်ထက်ပိုင်စိုးက လူငယ်နှင့် တာဝန်၊ (Grade-11) မောင်ခန့် ညီရှင်းသန့်က လူငယ်နှင့်အနာ ဂတ်၊ (Grade -11) မငြိမ်းသုခ လင်းက လူငယ်နှင့်မျိုးချစ်စိတ် ဓာတ် စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြပြီး လူငယ် စကားဝိုင်းသို့ တက်ရောက်လာ ကြသည့် ကျောင်းသား၊ ကျောင်း သူများက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးရာ တာဝန်ရှိ သူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာသည့် ကျောင်း သား၊ ကျောင်းသူများက ဇမ္ဗူ သီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် လူငယ်ရေးရာ အသိပညာပေးနံရံကပ်စာစောင် နှင့် စာအုပ်၊ စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့ လာခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



## ကိုယ်လက်ကြံ့ခိုင်မှုလေ့ကျင့်ခန်း ကိုးဦးတွဲ အေရိုးဗစ်ဆင့်ပွား သင်တန်းဆင်းပွဲနှင့် ဆုပေးပွဲ ကျင်းပ

**မိုင်းပန် အောက်တိုဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ် အားကစားနှင့်ကာယပညာဦးစီး ဌာနနှင့် အခြေခံပညာဦးစီးဌာန တို့ ပူးပေါင်း၍ ကိုယ်လက်ကြံ့ ခိုင်မှုလေ့ကျင့်ခန်း ကိုးဦးတွဲ အေရိုးဗစ်ဆင့်ပွားသင်တန်းဆင်း ပွဲနှင့် ဆုပေးပွဲကို မြို့နယ်မိုးလုံ လေလုံအားကစားခန်းမ၌ ယမန် နေ့ မွန်းလွဲ ၂ နာရီက ကျင်းပ ခဲ့သည်။

အခမ်းအနားတွင် သင်တန်း သူ၊ သင်တန်းသားများက အေရိုး ဗစ်အကဖြင့် ကပြဖျော်ဖြေခဲ့ကြ ပြီး သက်ဆိုင်ရာတာဝန်ရှိသူများ က သင်တန်းသားများအား သင် တန်းဆင်းလက်မှတ်များ ပေး အပ်ခဲ့သည်။ ဆက်လက်၍ ဆု ရရှိသည့် အကအဖွဲ့နှင့် နှစ်သိမ့် ဆုရရှိသည့် အကအဖွဲ့များအား မြို့နယ်အားကစားနှင့် ကာယ ပညာဦးစီးဌာနမှူး ဒေါ်ဝင့်သူဇာ ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များက ဆုများ အသီးသီး ချီးမြှင့်ပေးအပ် ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

## ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ သင်တန်းသား၊ သင်တန်းသူများ ပိုးမွေးမြူရေးခြံနှင့်ပိုးချည်စက်ရုံ(ပြင်ဦးလွင်)သို့ သွားရောက်လေ့လာ

**မန္တလေး အောက်တိုဘာ ၄**

သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေး စားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာန၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ ၂၀၂၆ ပညာသင်နှစ် အသက်မွေးဝမ်း ကြောင်း အထောက်အကူပြု(ပုံ မှန်)သင်တန်းသို့ တက်ရောက် လျက်ရှိသည့် သင်တန်းသား၊ သင် တန်းသူများအား ပိုးချည်နှင့်စပ် လျဉ်းသည့် နည်းပညာဗဟုသုတ များ ရရှိစေရန် စာတွေ့၊ လက် တွေ့သင်ကြားမှုများ ပေါင်းစပ်စေ ရန် လေ့လာရေးအတွေ့အကြုံ များ ရရှိစေရန် ရည်ရွယ်၍ အောက်တိုဘာ ၁ ရက်က မန္တလေးတိုင်းဒေသကြီး၊ ပြင် ဦးလွင်မြို့နယ်ရှိ ပိုးမွေးမြူရေး ခြံနှင့် ပိုးချည်စက်ရုံသို့ လေ့လာ ရေး သွားရောက်ခဲ့သည်။



လေ့လာရေးခရီးစဉ်အား ဒုတိယကျောင်းအုပ်ကြီး(သင် ကြားရေး)က ဦးဆောင်၍ လက် ရက်ကန်းဌာန လက်ထောက်ညွှန် ကြားရေးမှူး၊ ကထိက(စီမံ)နှင့် ဆရာမများ၊ သင်တန်းသား၊ သင် တန်းသူ ၄၆ ဦး၊ အဆင့်မြင့်စက် ချုပ်နည်းပညာဆရာမများ မွန်းမံ သင်တန်းမှ သင်တန်းသူ ၂၀ ဦး တို့ သွားရောက်လေ့လာခဲ့ကြ သည်။

လေ့လာရေးခရီးစဉ်တွင် ပိုး ချည် ထုတ်လုပ်ပုံ အဆင့်ဆင့်၊ ပိုးချည်အမျိုးအစားများ၊ မြန်မာ နိုင်ငံရှိ ပိုးစာခြံများနှင့် ပိုးမွေး မြူမှုများကို လေ့လာကြည့်ရှုခဲ့ ကြကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၅)

## KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းကျန်းမာရေး အာဟာရကျွေးမွေး

**မန္တလေး အောက်တိုဘာ ၄**

မန္တလေး၊ ပြည်ကြီးတံခွန် မြို့နယ်၊ အမှတ်(၂၂)အခြေခံ ပညာအလယ်တန်းကျောင်းရှိ KG ကျောင်းသား၊ ကျောင်းသူ များအား ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနက ဦးစီး၍ ယမန်နေ့ နံနက်ပိုင်းက ကျောင်း ဝင်းအတွင်း၌ အာဟာရကျွေးမွေး ခဲ့သည်။

အဆိုပါ အာဟာရကျွေးမွေး ရာတွင် KG ကျောင်းသား၊ ကျောင်းသူများအား ပုံမှန် တစ် လလျှင် နှစ်ကြိမ်နှုန်းဖြင့် ကျန်း မာရေးဌာနမှ ချမှတ်ထားသော အာဟာရနမူနာပုံစံများအတိုင်း ကျောင်းတွင်း အာဟာရကျွေးမွေး ခြင်းကို မြို့နယ်ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ၊ ဆရာမ များ၊ ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှ ဝန်ထမ်းများက ပါဝင် ဆောင်ရွက်ခဲ့ကြောင်း မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

စင်မင်းမောင်(ခရိုင်၊ပြန်/ဆက်)



## မကွေးမြို့နယ် မယ်လှတောင်ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မကွေး အောက်တိုဘာ ၄**

သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေး တိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာ ထူထောင် ရေးစီမံကိန်း(Smart Village) ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေ များဖြင့် မယ်လှတောင်ကျေးရွာ တွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယနေ့ နံနက် ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေး ရာတွင် မကွေးမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနဦးစီးအရာရှိ(နည်းပညာ) ဒေါ်လွင်ဝေအောင်နှင့် တာဝန်ရှိ သူများသည် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ မယ် လှတောင်ကျေးရွာတွင်း လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင် ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး ပြီး ဦးစီးအရာရှိ(နည်းပညာ)က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် များကို ကွန်ကရစ်လမ်းအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်မှာကြားခဲ့ပြီး လို အပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။

မယ်လှတောင်ကျေးရွာတွင်း လမ်းအရှည် ပေ ၅၀၀ အကျယ် ၁၂ ပေ အမြင့် ၆ လက်မ ကွန် ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တွင် ခေတ်မီစံပြကျေးရွာထူထောင် ရေးစီမံကိန်း(Smart Village) ရန်ပုံငွေ ငွေကျပ် ၁၉ ဒသမ ၉ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၁ သန်း၊ စုစုပေါင်းငွေ ကျပ် ၂၄ သန်းဖြင့် မကွေးမြို့ နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ ဝန်ထမ်း များ၏ နည်းပညာပံ့ပိုးမှု၊ အနီး ကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ရွာသားများကိုယ်တိုင် အောက် တိုဘာ ၂ ရက်က စတင် အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ရာ ယခုအခါ ၂၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်း များအားလုံး ရာနှုန်းပြည့် ပြီးစီး ပါက ကျေးရွာရှိ အိမ်ခြေ ၂၆၆ အိမ်မှ လူ ၂၅၃၄ ဦးအတွက် ရာသီမရွေး လမ်းပန်းဆက်သွယ် ရေး အဆင်ပြေပြီး ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာကြောင်း မကွေး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သိရ သည်။

(အောက်ပုံ)

အိပိုးပိုး(ကျေးလက်)



မြို့တွင်း တစ်နာရီ မိုင်(၃၀)

(၄၈)ကီလိုမီတာထက် ပိုမမောင်းရ။

## (၂၉.၉.၂၀၂၆)ရက်နေ့ထုတ် ''မန္တလေးနေ့စဉ်'' သတင်းစာ၊ စာမျက်နှာ(၁၉)ပါ လွှဲအပ်သူ ဦးညီညီဦး(ခ)ဦးကိုကိုကြီး၏ လွှဲအပ်ချက်အရဟုဆိုကာ တရားလွှတ်တော်ရှေ့နေ ဒေါ်နန်းရွှေစင်ငယ်၊ ဒေါ်ထွယ်တာဝင်းနိုင်တို့၏ ကြေညာချက်အပေါ် အများသိစေရန်ပြန်လည်ရှင်းလင်းသတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၃၃လမ်း၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ အိမ်အမှတ်(၅၀)နေ ဒေါ်ခင်မြင့်(ဘ)ဦးဟာမြင့်(၉/မရမ(နိုင်)၀၅၀၇၀၀)၊ ဦးမောင်ချို(ဘ)ဦးချစ်ဆောင်(၉/မရမ(နိုင်)၀၅၀၅၈၀)၊ ဦးမောင်ကို(ဘ)ဦးချစ်ဆောင်(၉/မရမ(နိုင်)၀၅၀၁၁၃)၊ ဦးမောင်တိုး(ဘ)ဦးချစ်ဆောင်(၉/မရမ(နိုင်)၀၅၀၅၉၇)၊ ဒေါ်ခင်စန်း(ဘ)ဦးချစ်ဆောင်(၉/မရမ(နိုင်)၀၅၀၆၆၂)၊ ဦးထွန်းထွန်းဝေ(ဘ)ဦးချစ်ဆောင်(၉/ခအဇ(နိုင်)၀၀၁၉၃၈)၊ ဒေါ်ဖြူဖြူဝင်း(ဘ)ဦးချစ်ဆောင်(၉/ခအဇ(နိုင်)၀၀၃၂၉၃)၊ ဦးထွန်းထွန်းမင်း(ဘ)ဦးချစ်ဆောင်(၉/ခအဇ(နိုင်)၀၀၃၆၃၈)၊ ဒေါ်ဝင်းဝင်းမော်(ဘ)ဦးချစ်ဆောင်(CATZN-000941)ကိုင်ဆောင်သူတို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာလိုက်သည်။

ကန်ထရိုက်တာ ဦးညီညီဦး(ဘ)ဦးကိုကိုကြီးမှာ မြေရှင် ဒေါ်ခင်မြင့်(ဘ)ဦးဟာမြင့်နှင့် ချုပ်ဆိုခဲ့ကြသည့် (၂၃.၆.၂၀၂၄)ရက်စွဲပါ သဘောတူကတိစာချုပ်ပါ အချိန်ကာလ သတ်မှတ်ချက်အတွင်း အဆောက်အဦးပြီးစီးအောင်ဆောက်လုပ်မှုမရှိခြင်း၊ နှစ်ဘက်သဘောတူညီခဲ့ကြသည့် စည်ပင်အခွန်အခများ၊ အမွေဆက်ခံစာချုပ်ချုပ်ဆိုသည့်အခါ ကုန်ကျမည့်ကုန်ကျစရိတ်များကို ဦးညီညီဦးမှ ပေးချေမှုမရှိခြင်း၊ အိမ်လခများပေးချေမှုမရှိခြင်း၊ အဆောက်အဦးဆောက်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသောစည်ပင်သာယာရေး ကော်မတီမှ အရေးယူဆောင်ရွက်မှုများကို တာဝန်ယူဖြေရှင်းပေးမှုမရှိခြင်း၊ အဆောက်အဦး၏ဒါဘာထပ်အား မြေရှင်ကိုအပ်နှံရမည့်အစား ဦးညီညီဦးက အခြားသူထံရောင်းချခြင်း စသည့် နှစ်ဘက်သဘောတူညီချက်များကို ဖောက်ဖျက်ခဲ့သည့်အတွက် နှစ်ဘက်သဘောတူညီချက်များနှင့် ပြီးဆုံးမည့်သတ်မှတ်ရက်ကို တိတိကျကျပြင်ဆင်ဖြည့်စွက်ပြီး စာချုပ်အသစ်ချုပ်ဆိုရန် မြေရှင်ဘက်ကတောင်းဆိုခဲ့သော်လည်း ဦးညီညီဦး(ဘ)ဦးကိုကိုကြီးက ဆောင်ရွက်ပေးမှု မရှိခဲ့ခြင်းသာဖြစ်ပြီး မြေရှင်ဘက်မှ ဖောက်ဖျက်ခဲ့မှုလုံးဝမရှိပါ။

ကန်ထရိုက်တာ ဦးညီညီဦး(ဘ)ဦးကိုကိုကြီးအနေဖြင့် အဆောက်အဦးအား ဆက်လက်ဆောက်လုပ်မည့်ကိစ္စတွင် ပြီးဆုံးမည့်ရက်နှင့် တိကျသောစည်းကမ်းချက်များကို မြေရှင်နှင့် နှစ်ဘက်ညှိနှိုင်းသဘောတူပြင်ဆင်၍ စာချုပ်အသစ်ချုပ်ဆိုပြီးသည့်အခါမှ အဆောက်အဦးအား ဆက်လက်ဆောက်လုပ်နိုင်မည်ဖြစ်ပါကြောင်းနှင့် အကယ်၍ ညှိနှိုင်းဆောင်ရွက်ခြင်းမရှိပါက ကန်ထရိုက်တာဘက်မှ စာချုပ်စည်းကမ်းများဖောက်ဖျက်သည့်အတွက် မြေရှင်နှင့် ကန်ထရိုက်တာတို့အကြား ချုပ်ဆိုထားကြသောစာချုပ်များမှ စာချုပ်များတွင်ပါရှိသည့် စည်းကမ်းချက်များအတိုင်း ပျက်ပြယ်ပြီးဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းသတိပေးကြေညာလိုက်သည်။

**လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး(LL.B)**

**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**

Office-**အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။ ဖုန်း ၀၂–၄၀၆၈၈၃၉၊ ၀၉–၂၀၀၆၀၂၉၊ ၀၉–၇၉၂၀၀၆၀၂၉၊ ၀၉–၆၉၂၀၀၆၀၂၉**

ladylawyer.khinninisoe@gmail.com

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၇)၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဒေါ်မျိုးသူဇာဌေး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးကျော်ထူး(ဘ)ဦးကျော်ရင်(၉/ပကခ(နိုင်)၀၁၅၁၈၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ–၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃**

## မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်(၆၁၄)၊ ဦးပိုင်အမှတ်(၃၃–င)၊ ဧရိယာ(၀ ဒသမ ၀၄၉၁)ဧကအကျယ်အဝန်းရှိသော ဒေါက်တာဇော်ငြိမ်းချမ်း အမည်ပေါက်ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ(၁)ထပ်အဆောက်အဦ၊ ရေမီတာ၊ လျှပ်စစ်မီတာ (ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါက်တာဇော်ငြိမ်းချမ်း(ဘ)ဦးမောင်မောင်ခင်(၉/မနမ(နိုင်)၁၁၁၄၃၈)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက် ဝယ်ယူရန်သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး(LL.B)**

**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**

Office- **အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း ၀၂–၄၀၆၈၈၃၉၊ ၀၉–၂၀၀၆၀၂၉၊ ၀၉–၇၉၂၀၀၆၀၂၉၊ ၀၉–၆၉၂၀၀၆၀၂၉**

ladylawyer.khinninisoe@gmail.com

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၆)၊ ဦးပိုင်အမှတ်(၆၆)၊ မြေကွက်ပေါ်တွင် ဦးစောထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခမစ(နိုင်)၀၀၁၅၄၉)က RC(၃)ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ရပ်ကွက်၊ အကွက်အမှတ်(ဃ-၅)၊ ဦးပိုင်အမှတ်(၁၀၀)၊ မြေကွက်ပေါ်တွင် ဦးနေလင်းထွန်း ပါ-၂ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၁၉၀၂၉၄)က RC (၃)ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## "အများသိစေရန် ကြေညာခြင်း"

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးသာဒင်(ဘ)ဦးအောင်ရင်(WDN-၁၁၅၉၉၉)အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အတွင်းမှ တောင်ဘက်အစွန်ဆုံးခြမ်း အရှေ့အနောက်(၄၀)ပေ၊ တောင်မြောက်(၇)ပေ အကျယ်အဝန်းရှိ မြေကွက် အစိတ်အပိုင်းနှင့် ယင်းမြေအစိတ်အပိုင်းပေါ်ရှိ အဆောက်အဦး(ရေ+မီး)မီတာ အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်စောမူ(ဘ)ဦးလှဌေး(၅/မမတ(နိုင်)၀၇၀၆၀၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မိုးစန္ဒာဝင်း(LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(၁၄/၉၀+၉၁)၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၀၂၆၆၀၅၁၀**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၇/ခ)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၂ ဒသမ ၃၈)ဧကရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် **Mandalay Convention Centre** အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းလုပ်ငန်းအား အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - (၁၆-၁၀-၂၀၂၆)ရက်နေ့ မှ (၃၁-၁၀-၂၀၂၆)ရက်နေ့ ထိ

(ခ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက်/အချိန် - (၃-၁၁-၂၀၂၆)ရက်၊ (၁၂:၀၀)နာရီ

(ဂ) တင်ဒါလျှောက်လွှာဝယ်ယူရန် နှင့် လျှောက်လွှာတင်သွင်းရမည့် နေရာ - စီမံရေးရာဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဃ) တင်ဒါကျင်းပမည့် ရက်/အချိန်/နေရာ - (၉-၁၁-၂၀၂၆)ရက်၊ (၁၄:၀၀)နာရီ အစည်းအဝေးခန်းမ(၃)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၈)ထပ်ဆောင်၊ (ပထမထပ်)

၃။ အသေးစိတ် အချက်အလက်များအား သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန ဖုန်း ၀၂-၄၀၆၄၇၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၆၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်သန်းသန်းနိုင်(ဘ)ဦးဖိုးနီ(၉/မနတ(နိုင်)၀၂၅၅၅၃)၊ ဒေါ်ဇင်မျိုးထက်(ဘ)ဦးစိုးဝင်း(၉/မနမ(နိုင်)၀၀၂၄၈၂) အမည်ဖြင့် ချထားပေးသော မြေကွက်အတွင်းမှ မြောက်ဘက်အစွန်ဆုံးအခြမ်း အရှေ့အနောက် ပေ(၄၀)၊ တောင်မြောက် (၈) ပေ အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေအစိတ်အပိုင်းပေါ်ရှိ အဆောက်အဦး (ရေ + မီး) မီတာ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်စောမူ(ဘ)ဦးလှဌေး(၅/မမတ(နိုင်)၀၇၀၆၀၃) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မိုးစန္ဒာဝင်း (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(၁၄/၉၀+၉၁)၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၆၀၅၁၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၁)၊ ဦးပိုင်အမှတ်(၁၇)၊ ဧရိယာ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ တောင်ဘက်အစွန်ဆုံးအခြမ်း ဧရိယာ ပေ(၂၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ (ရေ + မီး)အပါအဝင် ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးစိုင်းသိန်းကျော်(ဘ)ဦးစံသိန်း(၅/မမန(နိုင်)၀၅၇၅၉၃) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နိုင်နိုင်နွယ် (LL.B, LL.M, D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(ဓဓ-၁၃/၁၂)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၆၂၄၉၈၁၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၉၀)၊ မြေကွက်အမှတ်(၂-က)၊ ဧရိယာ(၃ ဒသမ ၉၂၅)ဧကနှင့် မြေကွက်အမှတ်(၂-ခ)၊ ဧရိယာ(၁ ဒသမ ၆၁၈)ဧက စုစုပေါင်းဧရိယာ(၅ ဒသမ ၅၃၃)ဧကရှိသည့် ဂရန်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၆)၊ (၁)လွှာ အခန်းအမှတ်(၁)၊ အကျယ်အဝန်း (၉၂၅)စတုရန်းပေရှိ ဒေါ်ခင်မြင့်မူ(ဘ)ဦးစိုးနိုင်(၈/ဆမန(နိုင်)၀၁၉၁၅၁) ကိုင်ဆောင်သူ အမည်ပေါက်ပိုင်ဆိုင်သော တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာမာဝင်းက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝဏ္ဏ(LL.B) (တရားလွှတ်တော်ရှေ့နေ)**

**(ချ-၄/၇၀-က)၊ ၆၁-ဘီလမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၇၈၂၁၅၀၊ ၀၉-၉၇၀၁၁၅၁၁၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၁၁၆-အ/၁)၊ ဧရိယာ(၀ ဒသမ ၁၁၀)ဧက အကျယ်အဝန်းရှိ ဦးရဲထွန်းလင်း အမည်ပေါက်ရှိသော (၆၅-လမ်း)အတင် ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ RC(၃)ထပ်တိုက်(၁)လုံး အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိက မူလဂရန် အမည်ပေါက်သူထံမှတစ်ဆင့် အရပ်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူထားသော ဂရန်မြေကွက်ဖြစ်ပါကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြုရောင်းချသူ ဒေါ်ဌေးဌေးအောင်(ဘ)ဦးအောင်ဒင်(၉/မရမ(နိုင်)၀၄၉၀၀၅)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ချစ်စိန်**

**(တရားလွှတ်တော်ရှေ့နေ) (စဥ်-၉၂၆၆)**

**၃၉လမ်းနှင့် လမ်း၄၀ကြား၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊**

**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၄၀၉၉၇၇၈၈၊ ၀၉-၉၇၂၉၀၇၇၈၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၈)၊ ဦးပိုင်အမှတ်(၆၈-က)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (ပေ ၃၀ × ၄၅ ပေ) အကျယ်အဝန်းရှိ ဦးအောင်ရွှေ(ပါ-၂) အမည်ပေါက်ရှိသော (၅၈-လမ်း)အတင် ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်တိုက်(၁)လုံး အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိက မူလဂရန် အမည်ပေါက်သူထံမှတစ်ဆင့် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူထားသော ဂရန်မြေကွက်ဖြစ်ပါကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြုရောင်းချသူ ဒေါ်မို့မို့(ဘ)ဦးအုန်းမောင်(၉/မရတ(နိုင်)၁၃၀၁၇၉)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ချစ်စိန်**

**(တရားလွှတ်တော်ရှေ့နေ) (စဥ်-၉၂၆၆)**

**၃၉လမ်းနှင့် လမ်း၄၀ကြား၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊**

**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၄၀၉၉၇၇၈၈၊ ၀၉-၉၇၂၉၀၇၇၈၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၄)၊ ဦးပိုင်နံပါတ်(၁၁၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဦးဝင်းမောင်နှင့် ဦးကျော်သန်းတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း (ပေ ၄၀ × ၁၅ ပေ)ထဲမှ တောင်ဘက်ပိုင်း (ပေ ၂၀ × ၁၅ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်ဆွေ(ဘ)ဦးနွဲ့(၉/မရတ(နိုင်)၀၃၇၉၆၈) [၎င်း၏ကိုယ်စား ဒေါ်မြင့်မြင့်သန်း(ဘ)ဦးသန်းညွန့်(၉/မရတ(နိုင်)၀၃၇၉၇၂)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** - **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M)** - **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** - **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အေးနန္ဒာထွန်း (LL.B)** - **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာလာစိုး (LL.B)** - **အထက်တန်းရှေ့နေ**

**ဒေါ်ဖူးသန့်မွန် (LL.B)** - **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၀)၊ ဦးပိုင်နံပါတ်(၃၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက၊ (ပေ ၆၀ × ၄၅ ပေ) အကျယ်အဝန်းရှိ ဦးတင်ချော အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ ပေ × ၄၅ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးမိစံ(ဘ)ဦးဌေးပေါ(၉/ခမစ(နိုင်)၀၁၇၂၀၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** - **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M)** - **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** - **တရားလွှတ်တော်ရှေ့နေ**

**ဦးဖြိုးသာခန့် (LL.B)** - **အထက်တန်းရှေ့နေ**

**ဦးစည်သူအောင် (LL.B)** - **အထက်တန်းရှေ့နေ**

**ဒေါ်သဲမို့မို့ထွန်း (LL.B)** - **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် ဒေါက်တာချာလီသန်းတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစက်မှုပြပွဲသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၄

ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာအန်ဒရေ ကူဇနက်ဆော့ဗ်၏ ဖိတ်ကြားချက်အရ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကျင်းပသည့် ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစက်မှုပြပွဲ (INNOPROM. Belarus) သို့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် မင့်စ်မြို့သို့ရောက်ရှိနေစဉ်ကာလအတွင်း စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မတီ၏ ဥက္ကဋ္ဌဖြစ်သူ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မက်ဆင်း ရှုဇန်ကော့ဗ်နှင့်တွေ့ဆုံပြီး တတိယအကြိမ် ပူးတွဲကော်မတီအစည်းအဝေး မြန်မာနိုင်ငံ၌ ကျင်းပရေး၊ လမ်းပြမြေပုံ အကောင်အထည်ဖော်ရေးနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အန်ဒရေ ကူဇနက်ဆော့ဗ်နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍမြှင့်တင်ရေး၊ နည်းပညာဖလှယ်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိုလည်းကောင်း သီးခြားစီဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် ဒေါက်တာချာလီသန်းတို့ ဘယ်လာရုစ် သံမဏိနှင့် သတ္တုထုတ်ကုန်များထုတ်လုပ်သည့် စက်ရုံများအတွင်း လေ့လာကြည့်ရှုစဉ်။

## လှည့်လည်လေ့လာကြည့်ရှု

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း "Bellegprom" ဥက္ကဋ္ဌ မစ္စနာဒက်ဒါလာဇာရီဗစ်နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရေးကိစ္စရပ်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စက်မှုကုန်စည်ပြပွဲ၌ ပြသထားသည့်ပြခန်းများကို လှည့်လည်လေ့လာကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးများသည် အောက်တိုဘာ ၁ ရက်တွင် ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစက်မှုပြပွဲ (INNOPROM. Belarus) ၏ စီးပွားရေးအစီအစဉ်များနှင့် မျက်နှာစုံညီ အစည်းအဝေးတို့သို့ တက်ရောက်ခဲ့ကြပြီး မင့်စ်မြို့ရှိ Techno Park သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက Techno Park နှင့် သက်ဆိုင်သည့်အချက်အလက်များကို လိုက်လံရှင်းလင်းပြသသည်။

ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် Minsk Automatic Lines Plant စက်ရုံအတွင်း အလိုအလျောက် စက်ယန္တရားများ ထုတ်လုပ်တပ်ဆင်နေမှုကိုလည်းကောင်း၊ Minsk Plant of Technological Metal Structures ၏ နည်းပညာမြင့် သတ္တုထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းစဉ်များနှင့် နည်းပညာအသုံးပြုဆောင်ရွက်နေမှုကိုလည်းကောင်း လေ့လာကြည့်ရှု၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြပြီး ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

# ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၄

တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် မျိုးဆက်သစ် လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန်နှင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှ စတင်၍ သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။



၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ အမျိုးသား/အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ-၁၁၀ တန်းကျော်ပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး မီတာ-၁၀၀ တန်းကျော်ပြေးပြိုင်ပွဲ

စာမျက်နှာ ၇ သို့ ★




# မြန်မာ ယူ-၁၇ အသင်းနှင့် အိန္ဒိယ ယူ-၁၇ အသင်း တစ်ဖက် တစ်ဂိုးစီသရေကျ

ရန်ကုန် အောက်တိုဘာ ၄

၂၀၂၇ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းနှင့် အိန္ဒိယ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းတို့၏ ပထမခြေစမ်းပွဲ ပထမပွဲကို ရန်ကုန်မြို့ သန်လျင်မြို့ရှိ Star City ကွင်း၌ ကျင်းပရာ တစ်ဖက် တစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၄၁ မိနစ်တွင် အောင်မြတ်သာက သွင်းယူပေးခဲ့ပြီး အိန္ဒိယ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်း၏ သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၇၂ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဂျန်တီက သွင်းယူပေးခဲ့သည်။

မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းသည် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲမတိုင်မီ တစ်လဝန်းကျင်အလို နောက်ဆုံးကစားသည့် နိုင်ငံတကာခြေစမ်းပွဲတွင် အိန္ဒိယအသင်းနှင့် သရေကျခဲ့သည်။

ထို့ပြင် မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းသည် ကစားသမားများ အတွေ့အကြုံရစေရန် Galaxy အသင်းအမည်ဖြင့် ပြည်တွင်းလူငယ် လိဂ်ဖြစ်သော M-League ယူ-၂၀ လိဂ်တွင် ယှဉ်ပြိုင်လျက်ရှိသည်။

နိုင်ကမ္ဘာ

## ၄-၁၀-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**